mgyoe.com
SAMPLE BOOK

# ဝဋ်ကြွေးရှိခဲ့သော်

မိုင်ရာ



mgyoe.com

mgyoe.com SAMPLE BOOK



■

တချို့ပေါင်းစည်းမှုတွေဟာ
ပူးတဖြစ်ပေမယ့်
တချို့ချစ်ခြင်းတရားတွေဟာ
ဝင့်ကြွေးသာဖြစ်တယ်။
တချို့ထာဝရတွေဟာ
ဆုလာဘ်ဖြစ်ပြီး
တချို့ထာဝရတွေကတော့
ဝင့်ကြွေးသာဖြစ်ပြန်တယ်။

■

ဝင့်ကြွေးရှိခဲ့သော် ( မိုင်ရာ )
9 782023 000519

mgyoe.com

cover design [illegible] 2023

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၅၁)

# ပုံနှိပ်မှတ်တမ်း



## မိုင်ရာ

## ဝင့်ကြွေးရှိခဲ့သော်


ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ

မျက်နှာဖုံးပန်းချီ ♦ သိမ့်သူသူထွန်း

မျက်နှာဖုံးဒီဇိုင်း ♦ ပိုင်နိုင်အောင်

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀

စာအုပ်တန်ဖိုး ♦ ၁၀၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊
မိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ ကိုလတ်စာပေ၊ အမှတ် ၂၀၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

မိုင်ရာ
ဝင့်ကြွေးရှိခဲ့သော် / မိုင်ရာ။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၂၇၂။ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၅၁) ဝင့်ကြွေးရှိခဲ့သော်


mgyoe.com

mgyoe.com SAMPLE BOOK

# စာရေးသူ အမှာစာ

ယခု ဝင်ရောက်ကြွေးရှိခဲ့သော် စာအုပ်သည် စာရေးသူ၏ ပထမဦးဆုံး လုံးချင်း ဝတ္ထုရှည် ဖြစ်သည်။ တစ်နှစ်နီးပါး အချိန်ယူရေးသားခဲ့သော်လည်း စာရေးသူ၏ စာရေးသက်တမ်းနုသည့်အတွက် အားနည်းချက်များစွာ ရှိမည်မှာ မလွဲပါ။

အရေးအသား ကျွမ်းကျင်မှု လိုအပ်ချက်များ ရှိကောင်းရှိနိုင်သော်ငြား စာဖတ်သူတို့အတွက် ရသအဖြာဖြာကို ထိရောက်စွာ ပေးချင်သည့် စိတ်စေတနာ အပြည့်ဖြင့် ရေးသားထားသော ဝတ္ထုတစ်ပုဒ် ဖြစ်ပါသည်။

စာအုပ် အစအဆုံး ဖတ်ပြီးသည့်အခါ စာဖတ်သူတို့ ရင်ထဲ တစ်စုံတစ်ခု ကျန်ခဲ့မည် ဆိုလျှင်ပင် စာရေးသူအဖို့ ပီတိဖြင့် ပြည့်စုံပါပြီ။

ဖတ်ရှုအားပေးသည့် တစ်ဦးတစ်ယောက်ချင်းစီတိုင်းကို စိတ်ရင်းဖြင့် ကျေးဇူးတင်လျက်. . .။

မိုင်ရာ

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)

ကားကို ဖြည်းဖြည်းမှန်မှန် မောင်းလာရင်း ရှိန်းဇော်ညိုတစ်ယောက် "ဘာပြောရင် ကောင်းမလဲ"ဆိုပြီး စကားလုံးတွေရှာနေမိတယ်။ သွေးသားရင်းချာ မောင်နှမဆိုပေမဲ့ သူမလေးက သူ့ကို နည်းနည်းမှ ရင်းနှီးဟန် မပြတာလည်း အခက် ပိုခက်သည်က သူမ မြန်မာစကားကို နားမလည်တဲ့ဟာ နားမလည်ဘူးဖြစ်နေတာပဲ။ မြန်မာက မြန်မာစကား ကောင်းကောင်းနားမလည်တာကို သူသိပ်ဘဝင်မကျပေမဲ့ ဒါလည်း သူမအပြစ်တော့ မဆိုသာဘူး။ နားမလည်ဆို သူမက ၃ နှစ် သမီးလောက် ကတည်းက ဖေဖေနဲ့အတူ ဩစီကို ပါသွားခဲ့သည် မဟုတ်လား။

၁၄ နှစ်နေမှ ဆိုင်းမဆင့်ဗုံမဆင့် ပြန်လာနေရတဲ့ အဖြစ်ဆိုတော့ သူမ အတွက် မြန်မာမြေ၊ မြန်မာလေ မြန်မာစကားတွေကို အနည်းငယ်စိမ်းသက်နေခဲ့တာ ဆန်းတော့မဆန်းပါဘူးလေ။ သူကတော့ ဗမာသွေးအပြည့်ပါတဲ့ မေမေ့လောင်း ရိပ်အောက်မှာ ကြီးပြင်းခဲ့ရသူမို့ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တွေကို အတော်လေး ထဲထဲဝင်ဝင်သိခဲ့ရသူ၊ ဖေဖေကတော့ ပေါ့ပေါ့ပါးပါး နေထိုင်ရတာကြိုက်တဲ့သူ၊ သူ့ကိုယ်ကျိုး သူ့တက်လမ်းအတွက်သာဆို ဘယ်လိုနေရာဒေသ၊ ဘယ်လိုယဉ်ကျေးမှုကိုမဆို လက်ခံကျင့်သုံးနိုင်တဲ့သူမျိုး၊ ဖေဖေကတော့ သူ့ကိုယ်သူ "ambitious" ဖြစ်တယ်လို့ အမြဲကြွေးကြော်ခဲ့ပေမယ့် မေမေကတော့ "မင်းအဖေက သိပ်တစ်ကိုယ်ကောင်းဆန်တဲ့သူ"တဲ့လေ။

mgyoe.com

mgyee.com SAMPLE BOOK

လားရာမတူခဲ့တဲ့ ဖေဖေနဲ့ မေမေ တရားဝင် ကွာရှင်းပြတ်စဲခဲ့တာ သူ့အသက် ၁၁ နှစ်၊ ညီမလေး အသက် ၃ နှစ်ကတည်းက၊ အခုတော့ ဖေဖေလည်း ဆုံးပါးသွားခဲ့ပြီ။ ရောဂါနောက်ဆုံးအခြေအနေမှာ မြန်မာပြည်ကိုပြန်လာပြီး မေမေ့လက်ပေါ်မှာပဲ ခေါင်းချသွားခဲ့သူ။ နောက်ဆုံးအချိန်ထိ တတွတ်တွတ် ပြောသွားခဲ့တဲ့စကားက

"အစ်ကို တောင်းပန်ပါတယ် နီ"တဲ့

သူမလေးကတော့ ဖေဖေ့နာရေးမှာ ဝမ်းနည်းပက်လက် ငိုကြွေးနေရုံကလွဲလို့ အားလုံးနဲ့ ခပ်စိမ်းစိမ်းပဲဖြစ်နေခဲ့တယ်။ ကျွန်တော့်မှတ်ဉာဏ်ထဲမှာ သူမလေး ပုံရိပ်တချို့ ရှိခဲ့ပေမယ့် သူမကတော့ မေမေရော ကျွန်တော့်ရောကို နည်းနည်းမှ မမှတ်မိ၊ မေမေ့ကိုတော့ အမေဆိုတဲ့အသိနဲ့ နည်းနည်း နွေးထွေးသယောင်ရှိပေမယ့် ယောကျ်ားလေးဖြစ်တဲ့ အစ်ကိုကိုတော့ ခပ်တန်းတန်းသာ။ အခုလည်း မောင်နှမနှစ်ယောက် ပိုရင်းနှီးအောင်ဆိုပြီး မေမေက ကျွန်တော့်အလုပ်ခရီးမှာ သူမကိုပါ လိုက်စေခဲ့တာ။ သူမလေးဆိုတာက သူ့ကိုယ်သူ "တိုရီ"လို့ ချစ်စဖွယ်သုံးနှုန်းတတ်တဲ့ ကျွန်တော့်ချစ်လှစွာသော ညီမလေး "Victoria"။ ကျွန်တော့်နာမည်က "ရှိန်းဇော်ညို"

❑

"တိုရီ. . . ခဏနေရင် ကိုကိုတို့နေမယ့်အိမ် ရောက်တော့မယ်၊ တိုရီ ဘာဝယ်စရာရှိသေးလဲ၊ ရှိရင် ဆိုင်တစ်ဆိုင်ဆိုင်မှာ ကိုကို ကားရပ်ပေးမယ်"

"မရှိဘူး ရှိန်း. . . မရပ်နဲ့တော့"

အဲဒါသာကြည့်တော့ သူ့ထက် ၈ နှစ်ကြီးတဲ့ ကျွန်တော့်ကို "ကိုကို"ခေါ်ရမယ့်အစား မေမေတို့ခေါ်သလို "ရှိန်း"တဲ့လေ။ နားထဲမှာ အတော်ကန့်လန့်ကြီး။ ကျွန်တော် ခေါင်းအသာညိတ်ပြပြီး ဆက်မောင်းလာခဲ့လိုက်တယ်။

"ဧကရီရိပ်မြုံ"ဆိုတဲ့ ခပ်အိုအို ဆိုင်းဘုတ်လေးကနေ ညွှန်ပြထားတဲ့အတိုင်း လမ်းသွယ်လေးထဲ ဝင်လာလိုက်တော့ သူ့စိတ် အတော်လေး အေးချမ်းသွားတယ်။ လမ်းထဲကအိမ်တိုင်းဟာ ခြံဝန်းကျယ်ကျယ် သစ်ရိပ်ဝါးရိပ်တွေနဲ့၊ အိမ်လေးတွေကလည်း တကယ့်မိသားစု အငွေ့အသက်ကို ခံစားမိစေနိုင်တဲ့ ချစ်စရာသစ်သားအိမ်သပ်သပ်ရပ်ရပ်လေးတွေ။ တစ်လမ်းလုံး ဖုန်းပဲကြည့်လာတဲ့ တိုရီတောင် မျက်လုံးလေး တလက်လက် ခေါင်းလေးတလည်လည်နဲ့ လိုက်ကြည့်နေပြီး နောက်ဆုံး လမ်းအဆုံးထိပ်အပိတ်မှာ သူတို့နေရမယ့် ခြံဝန်းလေးကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့တယ်။

mgyoe.com

တစ်ဧကေပတ်လည် ခြံအကျယ်ကြီး၊ ခြံတံခါးဝမှာ ကိုဖိုးမောင်တစ်ယောက် ခပ်သွက် သွက်လေး ပြေးထွက်လာပြီး ခြံတံခါးလာဖွင့်ပေးတယ်။ ကိုဖိုးမောင်တို့လင်မယား က မနေ့ကတည်းက အိမ်ရှင်းဖို့အတွက် ကြိုရောက်နေကြတာ။

ဒီအိမ် ဒီခြံက လွန်ခဲ့တဲ့ ၁၄ နှစ်ဝန်းကျင်လောက်ကတည်းက ဖွားဖွားရွှေ ဝယ်ထားခဲ့တဲ့ခြံ. . . အခုတော့ ဖွားဖွားလည်း ဆုံးပါးခဲ့ပြီ။ လူမနေဖြစ်ပေမယ့် ၆ လတစ်ခါမျိုး၊ တစ်နှစ်တစ်ခါမျိုးလောက်တော့ ခြံနဲ့အိမ်ကို သန့်ရှင်းထိန်းသိမ်းဖြစ် တယ်။ အခုတောင် မေမေက ဒီအိမ်မှာ သိပ်နေစေချင်တာ မဟုတ်ဘူး။ မေမေ ခါးခါးသီးသီး တားနေတဲ့ကြားကပင် သူကလည်း ဇွတ်တရွတ် "ဒီမြို့မှာ ကိုယ့်အိမ် ရှိနေမှတော့ ဘာလို့အိမ်ငှားနေတော့မှာလဲ"ဆိုပြီး သူ အတင်းတောင်းဆိုတော့ မေမေ စိတ်မသက်သာစွာ လိုက်နေခဲ့သည်။ ခြံထဲမှာက သရက်၊ မန်ကျည်း၊ တမာ၊ မယ်ဇလီ အဲလိုအပင်ကြီးတွေနဲ့ အုပ်ဆိုင်းအေးမြနေတာ။ အိမ်က ခြံဝင်ဝင်ချင်း လမ်းဆုံးရဲ့အလယ်မှာ တစ်ထပ်တိုက်ပုလေး ဒီတိုက်လေးက ခြံဝယ်ပြီးမှ မေမေ့စိတ် ကြိုက် ဆောက်ထားခဲ့တာလို့ ပြောတယ်။ တစ်ထပ်တိုက်ကနေ နောက်ထဲဆင်းသွား ရင် ခြေတံရှည် ရေနံချေးဝနေတဲ့ ကျွန်းအိမ်ကြီးက ထည်ထည်ဝါဝါ၊ မေမေကတော့ သူတို့မောင်နှမကို ကျွန်းအိမ်ဟောင်းဘက် ခြေဦးတောင်မလှမ်းဖို့နဲ့ တိုက်ထဲမှာပဲ နေဖို့ သေချာကိုမှာလိုက်တာ။ ကားပေါ်ကဆင်းဆင်းချင်း တိုရီတစ်ယောက်ကတော့ စပ်စုစိန်လုပ်နေပြီ။ ကိုဖိုးမောင်က အထုပ်တွေချပြီး တိုက်လေးထဲထည့်နေတာ မြင်တော့. . .

"ရှိန်း တိုရီ ဟိုမှာနေချင်တယ်"ဆိုပြီး ကျွန်းအိမ်ကြီးဘက် လက်ညှိုးထိုးပြ တယ်။

သူက အသာပြုံးပြပြီး "ကိုကိုတို့ကို တိုက်လေးထဲနေဖို့ မေမေက မှာလိုက် တယ်လေ တိုရီရဲ့"

"ဟင့်အင်း. . . တိုရီ ဒီမှာမနေချင်ဘူး. . . ဟိုအိမ်မှာနေချင်တယ် ရှိန်း၊ တိုရီ ဟိုမှာနေတုန်းက အဲလိုအိမ်နဲ့မနေဖူးဘူး။ အဲ့အိမ်က ကြည့်ရတာ အင်း. . . ဘယ်လိုပြောရမလဲ mysterious လို့ ပြောရမလား၊ တိုရီနေချင်တယ်နော် ရှိန်းနော်"

တိုရီက ဇက်လေးပု မျက်လုံးလေး ကလယ်ကလယ်နဲ့ပြောတော့ သူငြင်းဖို့ ခက်သွားတာတော့ အမှန်။ ဒါ တိုရီ့ဘက်က သူ့အပေါ် ရင်းနှီးတဲ့ ပထမဆုံးအပြုအမူ မျိုးဆိုတော့ သူ မငြင်းချင်။ ဒါနဲ့. . .

"ကိုဖိုးမောင်ရေ. . . တိုရီကတော့ ဇွတ်ပြောနေပြီ၊ အိမ်ကြီးဘက် ရှင်းပေး

mgyoe.com

mgyoe.com

ပါဦးဗျ၊ အခုလောလောဆယ်တော့ တိုက်လေးထဲပဲ ခဏနားလိုက်ဦးမယ်"

ကိုဖိုးမောင်က သူ့ကို မျက်နှာအပျက်ပျက်နဲ့ တစ်ချက်မော့ကြည့်တယ်။ သူ့မျက်နှာက အိမ်ရှင်းမပေးချင်လို့ ဖြစ်လာတဲ့မျက်နှာမျိုးတော့ မဟုတ်ဘူး။ တစ်ခုခုကို ပူပန်သွားတဲ့ပုံမျိုး။ သူကတော့ မေမေဆူမှာကြောက်လို့ နေမှာပဲဆိုပြီး "မေမေ့ကို ကျွန်တော်ပဲ ကြည့်ပြောလိုက်ပါ့မယ်ဗျ. . . စိတ်မပူနဲ့"ဆိုတော့. . .

"ဟုတ်ကဲ့ အစ်ကိုလေး"ဆိုပြီး ထွက်သွားတယ်။ သူကတော့ ကားမောင်းလာရတာကြာတော့ ညောင်းနေတာနဲ့ တိုက်လေးထဲဝင် အဝတ်အစားလဲပြီး နားနေလိုက်တယ်။ တိုရီကလည်း သူ့အတွက် ပြင်ထားတဲ့ အခန်းထဲမှာသွားနားနေပြီ။ အိပ်ယာပေါ် လှဲပြီး သိပ်မကြာဘူး မှေးခနဲဖြစ်ပြီး သူ အိပ်ပျော်သွားတယ်။

❑

အိပ်နေရင်း တစ်ယောက်ယောက်လာနှိုးသလို ခံစားနေရပေမယ့် သူ ချက်ချင်း မျက်လုံးမဖွင့်နိုင်ဘူး။ မနည်းအားတင်းပြီး ဖွင့်တော့လည်း ခပ်မည်းမည်း အရာတစ်ခုက ရိပ်ခနဲ ရိပ်ခနဲပဲ၊ သူ ထကြည့်ဖို့ အားယူနေတုန်း နားထဲမှာ အသံတစ်သံ ကြားလိုက်ရတယ်။ သီချင်းညည်းနေတဲ့အသံမျိုး၊ သူ သေချာနားစိုက်ကြည့်တော့ မိန်းမတစ်ယောက်အသံ။ ပြီးတော့ ညည်းနေတဲ့သီချင်းသံစဉ်က-

"မှုံရွှေရည်"

အသံက သူ့အနီးနားကနေ ထွက်နေတာဆိုတော့ တိုရီများ သူ့အခန်းထဲရောက်နေသလား တွေးမိလိုက်ပေမယ့် တိုရီ မဖြစ်နိုင်. . . ။ ဘာလို့လဲဆိုတော့ တိုရီက ဒီလိုရှေးသီချင်းကြီးကို ရဖို့နေနေသာသာ ခေတ်ပေါ်မြန်မာသီချင်းတွေနဲ့တောင် ရင်းနှီးသူမဟုတ်။ ကိုဖိုးမောင်ရဲ့မိန်းမ မလှရီကလည်း အလုပ်ရှင်မိသားစုအပေါ် အရိုအသေကြီးလွန်းလို့ သူ့ကို မျက်လုံးတောင် စေ့စေ့ကြည့်ဝံ့သူ မဟုတ်။ ဒါဆို ဘယ်သူလဲ. . . ၊ သီချင်းညည်းနေတာ ဘယ်သူလဲ။ တွေးသာတွေးနေတာ သူ့မျက်လုံးတွေ ဘယ်လိုမှဖွင့်မရဘူး။ ဘာကြောင့်မှန်းမသိ အရမ်းကို မျက်ခွံတွေလေးနေတာ အဲ့အချိန်မှာပဲ. . .

"ရှိန်း. . . ရှိန်း ထတော့လေ၊ တိုရီ ဗိုက်ဆာနေပြီ ရှိန်းလို့"

အသံနဲ့အတူ သူ့ကို အတင်းလှုပ်နှိုးလိုက်မှ သူ ပျာပျာသလဲထပြီး. . .

"အင်. . . တိုရီလား၊ ဘယ်အချိန်တောင်ရှိသွားပြီလဲ"

သူ အိပ်ချင်မူးတူးနဲ့ပြောတော့-

"ညနေ ၆ နာရီရှိနေပြီ ရှိန်းရ။ အတူတူစားဖို့စောင့်နေတာ၊ တိုရီ တစ်

mgyoe.com

ယောက်တည်း မစားချင်ဘူး"

သူ ခေါင်းညိတ်ပြမိသလား၊ မပြမိသလား မသိ။ အိပ်ရာပေါ်က ကုန်းရုန်းထ မျက်နှာသွားသစ်ပြီး ထမင်းစားခန်းဘက် ထွက်လာလိုက်တယ်။ နှစ်ယောက်သား စားနေကြရင်း သူက-

"တိုရီက မုံ့ရှေ့ရည်တော့ ရသားပဲ"

တိုရီက သူပြောတာကို နားမလည်သလို မျက်လုံးလေးထောင့်ကပ် စဉ်းစားပြီး-

"မုံ့ရှေ့ရည် . . . ဘာလဲ မုံ့ရှေ့ရည်က၊ တိုရီ နားမလည်ဘူး"

သူကိုယ်တိုင်လည်း အိပ်မက်လား တကယ်လား သေချာမသဲကွဲတဲ့ ကိစ္စမလို့-

"ဘာမှမဟုတ်ဘူး"ဆိုပြီး ဆက်ပဲစားနေလိုက်တယ်။ စားရင်း တွေးမိလိုက်တာက ဒီကောင်မလေး မြန်မာအစားအစာတွေ ကောင်းကောင်းစားတတ်တာလေးတော့ ကျေးဇူးတင်မိပါရဲ့။

❑

စားပြီး ချက်ချင်းပဲ တိုရီက "ရှိန်း . . . ဟိုအိမ်ဘက် သွားကြစို့လေ၊ ဦးကိုဖိုးမောင်က အိမ်ရှင်းပြီးပြီတဲ့"

ကိုဖိုးမောင်ကို တိုရီခေါ်လိုက်ပုံကြောင့် သူသဘောကျသွားပြီး "ကိုဖိုးမောင်ကို ဦးဖိုးမောင်လို့ခေါ်ရင် ရပါပြီ တိုရီရဲ့" ဆိုတော့ ယောင်နနနဲ့ ခေါင်းညိတ်ပြတယ်။

"ဒီညတော့ အိပ်ဖို့ပဲသွားကြစို့။ ပစ္စည်းတွေက မနက်ဖြန်မှ နေရာချကြတာပေါ့"

နှစ်ယောက်သား အိမ်ကြီးဘက်လျှောက်လာတော့ အိမ်ကြီးက လရောင်အောက်မှာ မည်းမည်းထီးထီးကြီးဖြစ်နေတော့ မဆီမဆိုင် သူ့စိတ်ထဲ စိမ့်ခနဲဖြစ်သွားတယ်။ ခံစားချက်လည်း ထူးဆန်းနေသလိုကြီး ဖြစ်သွားတော့ စက္ကန့်ပိုင်းလောက် သူ့စိတ်ထဲ လေးသွားတယ်။ ပြီးမှ ညအမှောင်ကြောင့် ဖြစ်ပါလိမ့်မယ်လေဆိုပြီး အာရုံပြောင်းလိုက်တယ်။ အိမ်ကြီးက ခြေတံရှည်အမြင့်ကြီး၊ ဆောက်ထားပုံကလည်း အနုစိပ်တယ်။ အောက်ထပ်မှာက ရှည်ရှည်မြောမြော အခန်းလေးတစ်ခန်းပဲ ဖွဲ့ထားတယ်။ လှေကားတက်တက်ချင်း ထိပ်မှာက ကွပ်ပျစ်ရှည်ကြီးလိုမျိုးကိုမှ အကျယ်ကြီး။ အဲ့နောက်မှာမှ ဝင်ပေါက်၊ ဝင်ပေါက်ကနေဝင်ရင် ဧည့်ခန်းလေးက သပ်သပ်ရပ်ရပ် နှစ်စဉ်ထိန်းသိမ်းလာခဲ့လို့လား မသိ။ ပစ္စည်းတွေက နည်းနည်းဟောင်းနေ

mgyoe.com

mgyoe.com

တာကလွဲရင် သိပ်တော့ ယိုယွင်းလှတယ်မဟုတ်သေးဘူး။ ညှော်ခန်းနဲ့ တောက်လျှောက် တစ်ဖက်ထိပ်မှာက ဘုရားခန်း၊ ညှော်ခန်းဘေးက စင်္ကြံက ဝင်သွားရင် စင်္ကြံဟိုဘက် ဒီဘက်၊ သူလည်း ဇာတ်ကားဆက်မကြည့်ချင်တော့တာနဲ့ အခန်းထဲဝင်ပြီး ခုတင် ပေါ် လှဲနေရင်း ဖုန်းသုံးမလို့ကြံလိုက်သေးပေမယ့် ပြတင်းပေါက်ကနေ လှမ်းမြင်နေ ရတဲ့လက ပြည့်လုပြည့်ခင် လင်းထိန်နေတာကိုတွေ့တော့ ပြတင်းပေါက်ဘက် တိုးလှဲပြီး ကြည့်ကောင်းကောင်းနဲ့ ဆက်ကြည့်နေလိုက်တာ ဘယ်လိုအိပ်ပျော်သွား မှန်းတောင် မသိ။ ဒါပေမဲ့ သိပ်မကြာဘူး၊ သူ နိုးဖို့ဖြစ်လာတယ်။ အိပ်နေရင်း ခုတင် က တဒုန်းဒုန်းနဲ့လှုပ်လာတယ်။ အောက်က မွေ့ရာအပါးလေးပဲ ခင်းထားတာဆို တော့ ခုတင်က သိသိသာသာကို အသံမြည်ပြီး လှုပ်နေတာ။ သူ အိပ်ချင်မူးတူးနဲ့ မျက်လုံးဖွင့်ကြည့်လိုက်တော့ ယောင်ယောင်ကန်းကန်းနဲ့ ချက်ချင်းမမြင်ရဘူး။

မီးပိတ်ထားပေမယ့် ပြတင်းပေါက် ပိတ်မထားတော့ အခန်းထဲဖြာကျနေ တဲ့ လရောင်က တော်တော်လေးအားကောင်းတယ်။ သူ ပက်လက်အနေအထားနဲ့ တံတောင်နောက်ပြန်ထောက်ပြီး ထကြည့်တော့ ပထမဆုံးမြင်လိုက်ရတာက မဲမဲ ရှည်ရှည်တစ်ခု သူ့ခုတင်အစွန်းမှာရပ်ပြီး လှုပ်လှုပ်ရှားရှားလုပ်နေတယ်။

သေချာမျက်မှောင်ကြုတ် ကြည့်လိုက်တော့. . .

"ဟင်"

သူ့ရင်ထဲ ဒိန်းခနဲ တစ်ချက်ဖြစ်သွားတယ်။ အော်ဖို့ ပြေးဖို့ ဘာမှသတိမရ ခင် ကြက်သေသေသွားတယ်။ သူ့ခြေရင်းမှာ ရှိနေတာက မိန်းမတစ်ယောက်။ ဆံပင် က တင်ပါးပေါ် ဝဲကျလောက်တဲ့အထိ အရှည်နဲ့ အငြိမ့်မင်းသမီးဝတ်စုံမျိုး ဝတ်ထားပြီး အရောင်က အနက်ရောင်၊ သူ့ကို ကျောပေးလျက် အနေအထားနဲ့ ကွေးနေအောင်ကို က,နေတာ ပါးစပ်ကနေလည်း. . .

အခန်း(၁)/2 *"တောက်xxx ချီးxxx တောက်xxx ချီးxxx ချီးxxx ဒီးဟီး ဟီး ဟီး"*(စည်းဝါးသံ *"တောက်xxx ချင်"* အားဆိုလိုသည်)

အသံက ကျောချမ်းစရာကောင်းလောက်တဲ့ အသံမျိုး၊ သူ မျက်လုံးအပြူး သားနဲ့ ကြည့်ရင်း ကြက်သေသေနေတုန်းမှာပဲ အနှိုမိန်းမက က,ရင်း သူ့ဘက်ကို တဖြည်းဖြည်းချင်း လှည့်လာတဲ့အခါမှာတော့-

"အား. . ."

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

"အား. . ."

သူ ဆက်မကြည့်ရဲတော့ဘဲ မျက်လုံးစုံမှိတ်ပြီး အော်ချလိုက်တယ်။ ယောကျ်ားပေမယ့် အသွေးနဲ့အသားနဲ့မလို့ ဒီလိုကွင်းကွင်းကွက်ကွက် မြင်လိုက်ရတော့ တော်တော်သွေးပျက်သွားတာ အမှန်။ ကွေးကောက်နေတဲ့လက်တွေ ဖြည်းဖြည်းချင်း လှုပ်ရှားရင်း က,နေတဲ့ကိုယ်ဟန်နဲ့ ပြာနှမ်းနှမ်းအသားအရေ မင်းသမီးဝတ်စုံအမည်း ရောင်က အနီအမျိုးသမီးရဲ့ ကြောက်စရာအသွင်အပြင်ကို ရုပ်လုံးကြွအောင် လုပ်ပေးနေသလို ဘယ်လိုကြည့်ကြည့် နာနာဘာဝမှန်း သိသာတဲ့အနေအထားမျိုး။ သူ ဘယ်လောက်တောင် အော်လိုက်မိတယ်မသိဘူး၊ တိုရီက အခန်းတံခါးကို ဝုန်းခနဲ ဖွင့်ပြီး အပြေးအလွှားဝင်လာတယ်။ အိမ်ပေါ် ပြေးတက်လာတဲ့ ခြေသံလည်း ကြားရတော့ ကိုဖိုးမောင်ပါ နိုးသွားလောက်ပြီ။

"ရှိန်း. . . ဘာဖြစ်လို့လဲ. . . ဘာဖြစ်တာလဲဟင်"

တိုရီ့အမေးကို သူ ချက်ချင်းမဖြေနိုင်. . . လူက ပူထူထုံထိုင်းပြီး ခဏ လောက် အသိစိတ် လွတ်ခနဲဖြစ်သွားသလိုမျိုး။ ကိုဖိုးမောင်ကလည်း တိုရီ့အနောက် ခပ်လှမ်းလှမ်းမှာ အခြေအနေကို လှမ်းကြည့်နေတယ်။ ချွေးတွေရွှဲနစ်ပြီး ဖရိုဖရဲ အနေအထားနဲ့ သူ့ကိုကြည့်ပြီး တိုရီက-

"ရှိန်း. . . nightmare လား။ တိုရီ ရေယူပေးမယ်နော်"

mgyoe.com

mgyoe.com SAMPLE BOOK

"ရတယ် တိုရီ. . . ကိုကို မသောက်ချင်ဘူးရယ်"

တိုရီ့ကိုပြောပြီး ကြည့်လိုက်တဲ့တစ်ချက်၊ ကိုဖိုးမောင်အနောက်ကနေ မည်းမည်းအရာတစ်ခု ရပ်နေတာမြင်လိုက်တယ်။ မှောင်ရိပ်ကျနေတဲ့နေရာဆိုတော့ သဲသဲကွဲကွဲ မမြင်ရဘူး။ သူ မျက်နှာကွက်ခနဲပျက်သွားတာကို ကိုဖိုးမောင်က သတိထားမိလိုက်တယ် ထင်တယ်။ အခန်းမီးကို ခပ်သွက်သွက် သွားဖွင့်ပေးတယ်။ ပြီးတော့. . .

"အစ်ကိုလေး. . . ဒီအခန်းက လေဝင်လေထွက်လည်း သိပ်မကောင်းဘူး၊ မိုးရွာရင်လည်း ရေယိုချင်တယ်၊ တိုရီလေးဘေးက အခန်းမှာ ပြောင်းနေပါ့လား"

ကိုဖိုးမောင်လည်း တစ်ခုခုကို သိထားပြီဆိုတာ သူ သတိထားမိလိုက်တယ်။ တိုရီကတော့ မိုးယိုတယ်ဆိုလို့ ခေါင်းမိုးတွေကို လျှောက်ကြည့်နေရှာတယ်။

"အဲဒါဆိုလည်း ကျွန်တော် အခန်းပြောင်းနေလိုက်မယ် ကိုဖိုးမောင်. . . "

"ကျွန်တော် လုပ်စရာရှိတာ လုပ်ပေးမယ် အစ်ကိုလေး"

"ရတယ်. . . ရတယ်. . . ကျွန်တော်ပဲပြောင်းလိုက်မယ်။ အိပ်ရာခင်းရုံလေးပဲဟာ ညဉ့်နက်နေပြီ။ ကိုဖိုးမောင်တို့လည်း အိပ်ရေးပျက်ရရောပေါ့"

ပြောပြောဆိုဆိုနဲ့ပဲ သူ မွေ့ရာနဲ့ခေါင်းအုံး၊ စောင်။ ဖက်လုံးတွေလိပ်ပြီး မ,ထွက်လာခဲ့တယ်။ တိုရီက သူ့အနောက်က လိုက်လာပြီး ကိုဖိုးမောင်ကတော့ ပြတင်းပေါက်တွေပိတ်ရင်း နောက်မှာကျန်ခဲ့တယ်။ တိုရီက အခန်းထဲမဝင်ခင် "Good Night ရှိန်း"လို့ဆိုလာတော့ သူက စိတ်ထဲအသိတစ်ခုကြောင့် တိုရီ့အတွက် ထိတ်ခနဲပူသွားပြီး. . .

"တိုရီ. . . ဘုရားစာရတယ်မလား"လို့ လှမ်းမေးလိုက်တော့-

"ရတယ်လေ ဘာလို့လဲဟင်"

"အိပ်ခါနီး ဘုရားရှိခိုးနော်. . . အိပ်မက်ဆိုး မက်နေမှာစိုးလို့"

တိုရီက သူ့စကားကို စဉ်းစားသလို တစ်ချက်ငြိမ်သွားပြီးမှ ခပ်သွက်သွက်လေး ခေါင်းညိတ်ပြတယ်။ အခန်းထဲဝင်လာပြီးတော့လည်း သူ တော်တော်နဲ့ အိပ်မပျော်ဘူး။ အဲဒါနဲ့ ဘုရားရှိခိုးမေတ္တာပို့ အမျှဝေပြီး မေတ္တာသုတ်တွေ ဆက်တိုက်ရွတ်နေရင်းကမှ တဖြည်းဖြည်းအိပ်ပျော်သွားတယ်။ ၃ လလောက် ဆက်နေရဦးမယ့် အိမ်ကြီးရဲ့ ကြိုဆိုလိုက်ပုံကတော့ နွေးထွေးလှပါဘိ။

❑

နောက်နေ့မနက်. . . မနက်စားစာရင်း ညကအကြောင်းကို ပြန်တွေးမိ

mgyoe.com

mgyoe.com

တော့ စိတ်ထဲ ဇဝေဇဝါဖြစ်သွားရပြန်သည်။ အိပ်မက်လား၊ တကယ်ပဲ မြင်လိုက်တာလား။ နေရာအပြောင်းအလဲကြောင့်လား၊ အဲလိုတွေ သို့လောသို့လော ဖြစ်လာတယ်။

ပူထူနေတုန်းကတော့ တော်တော်လေး သွေးရူးသွေးတန်းဖြစ်သွားပေမယ့် စိတ်အေးသွားတော့လည်း ဒါမျိုးတွေက တကယ်ရှိပါ့မလား။ ရှိရင်ရော အဲလိုကြီး ထင်ထင်ရှားရှားကြီးဆိုတော့ ဒီလိုအတွေးတွေနဲ့ နည်းနည်းတော့ ခေါင်းရှုပ်သွားတယ်။ ဒါနဲ့ ဆက်မတွေးတော့ဘဲ စားစရာရှိတာဆက်စားနေ၁်။

"တိုရီ. . . ကိုကို အလုပ်ဝင်ဖို့က ၁ ပတ်လောက်လိုဦးမယ်။ ဒီကြားထဲ အပြင်ထွက်လည်ချင်သေးလား"

"လည်တော့မလည်ချင်သေးဘူး ရှိန်း. . . ညနေဘက်တော့ လမ်းလျှောက်ထွက်ချင်တယ်"

"အင်းလေ. . . ဒါဆိုလည်း နေ့ခင်းဘက်တွေ အိမ်မှာပဲ တီဗီကြည့်လိုက်၊ စာအုပ်ဖတ်လိုက် လုပ်လိုက်ဦးပေါ့"

တိုရီက ဘာမှထပ်မပြောတော့ဘဲ အသာခေါင်းညိတ်ပြတယ်။

❑

နေ့လယ်ဘက်ကျတော့ သူ ကိုဖိုးမောင်ကိုခေါ်ပြီး လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဆီ ထွက်လာခဲ့တယ်။ တိုရီကတော့ သူ့သူငယ်ချင်းတွေဆီ video call ခေါ်လိုက်၊ စာဖတ်လိုက်နဲ့ အိမ်ကြီးပေါ်မှာ ကျန်ခဲ့တယ်။ သူ သိပ်စိတ်ချလှတာမဟုတ်လို့ ခြံတံခါးကိုလည်း သေချာသော့ခတ်ခိုင်းပြီး မလှရီကို တိုရီ့နားမှာပဲနေဖို့ အထပ်ထပ်အခါခါ မှာခဲ့တယ်။ ဆိုင်ရောက်တော့ ထွေရာလေးပါး အရင်ပြောပြီး သူ မေးချင်တာမေးဖို့ ပြင်တော့တယ်။

"ကိုဖိုးမောင်. . . အိမ်ကြီးနဲ့ပတ်သက်လို့ တစ်ခုခုထူးခြားတာမျိုး သိထားတာရှိလား"လို့ မေးတော့-

"တကယ်က အစ်ကိုလေးတို့ အိမ်ကြီးမှာနေမယ်ဆိုကတည်းက ကျွန်တော်သတိပေးမလို့ပဲ။ ကျွန်တော့်မှာက သက်သေပြစရာ မည်မည်ရရမရှိလို့ ကျွန်တော်မပြောဖြစ်တာ။ ဒီကိစ္စကို မမကြီးကိုတောင် ကျွန်တော် မပြောပြဖြစ်ခဲ့ဘူး"

မမကြီးဆိုတာက မေမေ့ကိုဆိုလိုတာဖြစ်တယ်။ သူ ဘာမြင်ခဲ့တယ် မပြောသေးဘဲ ကိုဖိုးမောင်ပြောတာကို အရင်နားထောင်ဖို့ ဆုံးဖြတ်လိုက်ပြီး-

"ဘယ်လိုတွေဖြစ်ခဲ့တာလဲ ကိုဖိုးမောင်"

mgyoe.com

mgyoe.com SAMPLE BOOK

"ဒီလို ဆရာလေးရေ. . . လွန်ခဲ့တဲ့ ၈ နှစ်ကျော်လောက်ကထင်တယ်။ တိုက်လေးဆောက်တုန်းကပေါ့"

❑

ခြံကြီးထဲမှာ တိုက်လေးဆောက်မယ်ဆိုတော့ ညရေးညတာ ဆောက်လုပ်ရေးပစ္စည်းတွေ စိတ်ချဖို့ရော ခြံလုံခြုံရေးအတွက်ရော ကိုဖိုးမောင်တို့လင်မယားက အိမ်ကြီးမှာ လာစောင့်နေပေးရတယ်။ ညအိပ်တော့ အိမ်ရှေ့ကွပ်ပျစ်ရှည်ကြီးမှာ အိပ်ကြတာပေါ့။

ပထမညတွေကတည်းက အိပ်ခန်းတွေဘက်ကနေ တစ်ယောက်ယောက် လှုပ်ရှားသွားလာနေသလို အသံတွေကြားပေမယ့် သူတို့လင်မယားက အရမ်းကြောက်တတ်တဲ့သူတွေ မဟုတ်တော့ ဘယ်လိုမှ မနေမိဘူး။ ညဆို အိပ်နေတဲ့အချိန် ခြင်ထောင်ဘေးမှာ ဖနောင့်ပေါက်သံပေးတာမျိုး၊ ခြင်ထောင်ကြိုးကို ဆွဲယမ်းပြီး လှုပ်ပစ်တာမျိုးတွေထိ ရှိလာတော့ မအိပ်ခင်ဆို သေချာလေး မေတ္တာပို့အမျှဝေဖြစ်တယ်။ ဒါလည်း ဆက်နှောင့်ယှက်နေတုန်းပဲ။ အဲလိုနဲ့ တစ်ရက်ကျတော့ ပန်းရံသမားတွေက အလုပ်ဆင်းပြီးတဲ့အချိန် ခြံထဲကသရက်ပင်အောက်မှာ ထန်းရည်ဝိုင်းထောင်ကြတယ်။ အမြည်းက ဝက်ဆီဖတ်ကြော်၊ ကိုဖိုးမောင်ကိုလည်း ငွတ်ခေါ်ကြတာနဲ့ ငြင်းနေရင်းကပဲ ဝိုင်းထဲရောက်သွားပြီး လေးငါးခွက်လောက် သောက်မိသွားတယ်။

ထန်းရည်ဆိုတော့ လေးငါးခွက်က မူးတော့မမူးဘူး။ လူမမူးဘဲ အစာအိမ်မူးပြီး ညကျ ဝမ်းပျက်ပါလေရော။

၁၀ နာရီလောက် အိပ်ရာဝင်ပြီး ၁၂ ကျော်လောက်ကျ ဗိုက်နာလာတယ်။ ဒါနဲ့ အိမ်သာအမြန်ပြေးရတော့တာပေါ့။ အဲ. . . အိမ်သာတက်နေတုန်းမှာ ဖြစ်တာပဲ။ အိမ်သာတက်နေတုန်း ရှေ့မှာ ခြေသံတရှပ်ရှပ်ကြားရတယ်။ တစ်ချက်တစ်ချက်ဆို ခုန်ဆွခုန်ဆွလုပ်လိုက်သလိုအသံမျိုး အစကတော့ မလှရီ နိုးလာပြီးများ တစ်ယောက်တည်း မနေရဲလို့ လိုက်လာသလားလို့ တွေးလိုက်မိပြီး ဘာအသံမှမပေးဘဲ နေလိုက်တယ်။ ခဏနေတော့ အသံတစ်မျိုး ထွက်လာတာက. . .

*"တောက်xxx ချီးxxx တောက်xxx ချီးxxx ချီးxxx တောက်xxx ချီးxxx တောက်xxx တောက်xxx ချီး"*

တိတ်ဆိတ်နေတဲ့အချိန်မှာ တစ်ချက်ချင်းထွက်လာတဲ့ ပါးစပ်စည်းချက်သံက မသိမသာ ကျောချမ်းစရာ ကောင်းလွန်းနေတယ်။ တစ်ခုခုမှုမမှန်တော့တာကို စိတ်ထဲခံစားမိလာတော့ ထရံပေါက်ကနေ မသိမသာ ချောင်းကြည့်လိုက်တဲ့

mgyoe.com

mgyoe.com SAMPLE BOOK

အချိန်. . . အိမ်သာရှေ့လမ်းက ဘေးဘက်မှာ ပုဏ္ဏရိုက်ပင်တန်းနဲ့ လမ်းလေးလို ဖြစ်နေတာ။ အဲဒီလမ်းလေးမှာ မိန်းမတစ်ယောက် ဟိုဘက်လျှောက်လိုက် ဒီဘက် လျှောက်လိုက်နဲ့ အိမ်သာဘက်ကို ကျောပေးလျက်သား က,နေတာ။

က,တာမှ ကွေးနေတာပဲ။ ဆံပင်ရှည်တွေက ရှုပ်ပွဖွာလန်နေပြီး ပတ်ထား တာက မင်းသမီးဝတ်စုံ အမည်းရောင်၊ ဟိုဘက်ဒီဘက် လမ်းလျှောက်က,လိုက်၊ ခုန်ပေါက်က,လိုက်နဲ့ တကယ့်ကို သွေးပျက်ချင်လောက်စရာ အနေအထားမျိုးဆို တော့ ကိုဖိုးမောင်ခမျာ သတိလက်လွှတ်နဲ့ နားနှစ်ဖက်ကို ဖိပိတ်ပြီး "အ. . . အ အမေရေ"ဆိုပြီး အော်ချပစ်မိလိုက်တယ်။

အော် ပြီးပြီးချင်းမှာပဲ အပြင်က အသံတွေကလည်း ချက်ချင်းငြိမ်သွား တယ်။ ပြီးတော့ အိမ်သာနဲ့ ဆန့်ကျင်ဘက်ကို ထွက်သွားတဲ့ ခြေသံကြားလိုက်တော့ သူလည်းမနေနိုင်ဘဲ ထရံပေါက်ကနေ ထပ်ချောင်းတော့ အဲဒီအမည်းရောင် မိန်း ကလေးက ကလျက်သားနဲ့ မှောင်ရိပ်ကျနေတဲ့ဘက်ထဲ ခပ်ဖြည်းဖြည်း ဝင်သွားတော့ တာပဲ။

တစ်အောင့်လောက်ကြာတဲ့အထိ ဘာအရိပ်အခြည်မှ ထပ်မမြင်တော့မှ သူလည်း အိပ်သာကနေဆင်းပြီး တစ်ချိုးတည်းပြေးတော့တာပဲ။ နောက်နေ့မနက် ရောက်တော့ အပြင်းဖျားပါလေရော။ ဒါပေမဲ့ ဖျားတာကိုပဲ ကျေးဇူးတင်ရမယ် ပြောရမလားပဲ။ ဖွားရွှေက သူတို့လင်မယားကို အိမ်ပြန်ခေါ်ပြီး ဆောက်လုပ်ရေးထဲ က အလုပ်သမားတွေကိုပဲ ညစောင့်ခိုင်းတော့တယ်။ အဲ့ညကအဖြစ်အပျက်ကို လတော်တော်ကြာမှ မလှရီကို ပြောပြဖြစ်တယ်။ ကိုဖိုးမောင် ကြုံခဲ့ရတာက အဲလို။

❑

ကိုဖိုးမောင်ပြောသမျှကို နားထောင်ပြီးတဲ့အချိန်မှာ ညက သူ မြင်ခဲ့တဲ့ နာနာဘာဝ မိန်းကလေးက အိမ်ကြီးမှာရှိတယ်ဆိုတာ သေချာသွားမှန်း သူ သိလိုက် တယ်။ ညက သူ့အဖြစ်အပျက်ကိုတော့ ကိုဖိုးမောင်ကို ပြောမပြလိုက်မိဘူး။ တော် ကြာ မေမေတို့ဆီ ဒီသတင်းရောက်သွားရင် သူတို့မောင်နှမနှစ်ယောက် ဒီခြံမှာ ဆက်နေခွင့် ရတော့မှာမဟုတ်တာ သေချာသလောက်ရှိတယ်။

တိုရီလေးက ဒီအိမ်ကို အရမ်းသဘောကျနေရှာတာ။ တိုရီ့အတွက်က ပတ်ဝန်းကျင်အသစ်လို ဖြစ်နေတော့ သူမအတွက် မြင်မြင်သမျှက စိတ်ကျေနပ်စရာ အသစ်အဆန်းတွေချည်းပဲ။ ဒီကောင်မလေး စိတ်ကျေနပ်ဖို့က သူ့အတွက် ဦးစား ပေးမလို့။ သူ အိမ်ပြောင်းမနေချင်။ ဒါနဲ့ သူသိချင်တဲ့ နောက်တစ်ခုကို သူ ကိုဖိုး

mgyoe.com

mgyoe.com SAMPLE BOOK

မောင်ကို ထပ်မေးလိုက်တယ်။

"တိုက်လေးဘက်မှာရော အဲလိုအခြေအနေတွေ ကြုံရသေးလား"

"တိုက်လေးဘက်မှာကတော့ ပုံမှန်လို့ပြောရမှာပဲ အစ်ကိုလေး. . . ကျွန်တော်တို့ ကြုံရောက်တဲ့ညက ဘာအသံမှတောင် မကြားမိဘူး"

ဒီတော့မှ သူ့အတွက် အဆင်ပြေမယ်ထင်ရတဲ့ နည်းလမ်းကို ရှာတွေ့လိုက်ပြီမလို့ သူ သက်ပြင်းချနိုင်သွားတော့တယ်။

❑

ညနေဘက် သူနဲ့ တိုရီ လမ်းလျှောက်မထွက်ခင်မှာပဲ မေမေ့ဆီက ဖုန်းဝင်လာတယ်။

"သားရှိန်း နေရတာ အဆင်ပြေရဲ့လား။ ဘာလိုတာရှိလဲ။ မေမေရော လာကြည့်ပေးဖို့ လိုသေးလား"

"အကုန်အဆင်ပြေတယ်. . . မေမေ၊ တိုရီကလည်း နေရာကို သဘောကျနေတယ်။ အပြင်ထွက်ဖို့ ခေါ်တာတောင် မလိုက်ချင်ဘူးလေ"

"အေးပါ သားနဲ့သမီးလေး အဆင်ပြေရင်ပြီးတာပဲ။ လိုတာရှိရင် မေမေ့ဆီဖုန်းဆက်နော်။ လောလောဆယ်ကတော့ အလုပ်ရုံမှာက order တွေ စုပုံကျလာလို့ မေမေ တစ်ယောက်တည်း ပျာယာခတ်နေရတယ် ရှိန်းရေ"

မေမေကလည်း သူ့ကို သား. . . သားရှိန်း. . . ရှိန် အမျိုးမျိုးခေါ်တတ်သူ။ ပြီးတော့ သူကပဲ မေမေ့စကားနားထောင်လို့လား။ မေမေကပဲ သူ့ကိုအချစ်ပိုခဲ့တာလားတော့ မသိ။ ဒီအသက် ဒီအရွယ်ထိ သူ့ကို "နင်" 'မင်း" အဲလိုနာမ်စားတွေ တစ်ခါမှ သုံးတာမျိုး မရှိခဲ့။

"ဟုတ်ကဲ့. . . မေမေ. . . သား တိုရီကိုလည်း မေမေ့ဆီဖုန်းဆက်ဖို့ ပြောလိုက်မယ်"

"အေး. . . အေး. . . သား. . . ဒါဆို မေမေ ဖုန်းချလိုက်တော့မယ်နော်"

"ဟုတ်"

မေမေ့ကို သူတို့မောင်နှမနှစ်ယောက် အိမ်ကြီးမှာ နေနေတဲ့အကြောင်း သေချာမပြောလိုက်တာဘဲ အဆင်ပြေမယ်လို့ သူ ထင်တယ်။ ဒီကိုမလာခင် သူတို့ကို အိမ်ကြီးမှာမနေဖို့ အထပ်ထပ်အခါခါ မှာနေကတည်းက မေမေလည်း ဒီကိစ္စတွေ ရိပ်ဖမ်းသံဖမ်းလောက်တော့ သိနေလောက်တာ သေချာတယ်။

သူသာ ဖွင့်မပြောရင် ဒီခြံမှာတောင် နေခိုင်းချင်တာ မဟုတ်ဘူးဆိုတော့

mgyoe.com

mgyoe.com SAMPLE BOOK
ဘာမှမပြောလိုက်တာဘဲ အဆင်အပြေဆုံး။ မေမေနဲ့ ကိစ္စကတော့ ဒီလောက်နဲ့အဆင်ပြေသွားပေမယ့် ပိုခက်ခဲတဲ့ကိစ္စက ကျန်နေသေးတယ် တိုရီ. . . ။

တိုရီ့ကို အိမ်ကြီးမှာဆက်မနေဖို့ သူ ဘယ်လို နားချရမလဲဆိုတာပဲ။

❑

လမ်းလျှောက်ထွက်ရင် သူ တိုရီ့အကြောင်း ပိုသိနိုင်ဖို့ စကားများများပြောပေးဖို့ ကြိုးစားတယ်။ ဩဇီမှာနေခဲ့တုန်းက အကြောင်းလေးတွေ များများမေးဖြစ်ပေမယ့် ဖေဖေ့အကြောင်းကိုတော့ သူ မမေးဖြစ်။ မသိချင်လို့ မမေးတာမျိုးမဟုတ်ဘဲ တိုရီ့ကိုဝမ်းနည်းစရာတွေ မတွေးမိစေချင်လို့သာ ဖေဖေ့နာရေးတုန်းက တိုရီ ဝမ်းနည်းပက်လက်ငိုနေပုံက ကြည့်ရက်စရာမရှိ။ ငိုလွန်းလို့ မျက်ခမ်းတွေ နှာသီးဖျားတွေက နီရဲပြီး အအိပ်ပျက်အစားပျက်နဲ့ပုံစံက တကယ်ကို ယဲ့ယဲ့လေးကျန်တာ။

ဒီကလေးမလေးက အပေါ်ယံကြည့်ရင် အေးစက်စက်နိုင်ချင်ပေမယ့် စိတ်ပျော့တာတော့ အမှန်။ တချို့အကြောင်းတွေပြောရင်း ဖေဖေ့အကြောင်းလေး မတော်တဆပါမိရင်တောင် မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နဲ့ အပေါ်မော့ပြီး မျက်ရည်ထိန်းပုံက ကလေးမက လူကြီးမကျနဲ့။

ပုံမှန်ကျင်လည်နေကျ ပတ်ဝန်းကျင်ကနေ အစိမ်းသက်သက်ဝန်းကျင်မှာ ပြောင်းနေရသူမလို့ တိုရီ့အတွက် အရာရာက လွယ်လွယ်ကူကူဖြစ်မှာ မဟုတ်တော့တာ သူ သိတယ်။ ဒါကြောင့်လည်း ဒီညီမလေးတစ်ယောက်ကို အရိပ်တကြည့်ကြည့် ဂရုစိုက်နိုင်ဖို့ သူ ပိုကြိုးစားမိတာ။ ငယ်ငယ်ကတည်းက သွေးချင်းမက်တဲ့ သူ့အတွက် ဒီညီမလေးရှိနေခြင်းက တန်ဖိုးကြီးလွန်းသည်။

"ရှိန်း. . . အိမ်မှာကူဖို့ လူအသစ်ထပ်ခေါ်ထားတာလား။ အန်တီလှရီတို့နဲ့တင် ရနေပြီကို"

သူ့အတွေးစတွေက တိုရီ့ဆီက ကြားလိုက်ရတဲ့စကားကြောင့် လေတိုးသလို လွင့်သွားလေပြီ။ သေချာကြားလိုက်ပေမယ့် ဘာကိုပြောတာလဲ နားမလည်တာမလို့။

"လူအသစ်. . . ကိုကို ခေါ်ထားတယ်လို့ ပြောတာလား"

"အင်း. . . နေ့ခင်းက ရှိန်းတို့အပြင်သွားနေတဲ့အချိန် တိုရီ အိမ်အောက်ဆင်းထိုင်တုန်း လှေကားအတက်ကနေရာလေ၊ အဲဒါကို ဘယ်လိုခေါ်ပါလိမ့်. . . ကြမ်းပြင်လား။ အဲ့မှာ အစ်မတစ်ယောက် ကြမ်းတိုက်ပေးနေတာ။ တိုရီ လှမ်းခေါ်တော့ လှည့်မကြည့်ဘဲ အိမ်ထဲဝင်သွားတယ်"

mgyoe.com

mgyoe.com SAMPLE BOOK

ထိုစကားကြောင့် သူ ပျာခနဲဖြစ်သွားတယ်။ ဘယ်လူအသစ်မှ ခေါ်မထားတာတော့ အသေအချာ။

"မလှရီ မဟုတ်ဘူးလား။ တိုရီ အမြင်မှားတာလား"

"No...no... အန်တီလှရီကို မေးကြည့်တယ် သူ မဟုတ်ဘူးတဲ့။ ဘာလို့လဲမသိ အန်တီလှရီမျက်နှာက မကောင်းဘူး။ တိုရီမြင်တဲ့သူကလည်း အန်တီလှရီလိုပုံစံမဟုတ်ဘူး။ အင်း. . . ငယ်သေးတယ်။ အင်္ကျီအနက်ရောင်နဲ့"

သူ ငြိမ်သွားမိတယ်။ မလှရီကို မေးတော့မေးကြည့်ရဦးမှာပေမယ့် ခြံကလည်း သေချာသော့ခတ်ထားခဲ့တာ။ အပြင်လူဝင်ဖို့ကလည်း မလွယ်ဘူး။ မလှရီကလည်း သူ မသိဘဲ သူစိမ်းကို ခြံထဲသွင်းလာရဲသူမဟုတ်။ ဒါဆို တိုရီမြင်လိုက်တဲ့ မိန်းကလေးက တကယ်လို့များ သူ ထင်သလိုသာ ဟုတ်နေခဲ့မယ်ဆို တိုရီ့အတွက် သူ စိတ်မအေးနိုင်တော့။ သူနဲ့တိုရီ ဒီအိမ်မှာ ဆက်နေဖို့က သူ စီစဉ်သလို အဆင်ပြေပါ့မလား?။

ဖြစ်နေတာတွေကို တိုရီ့ကို အမှန်အတိုင်းပဲပြောပြီး အိမ်ပြောင်းရမလား။ အန္တရာယ်ရှိလာခဲ့မယ်ဆိုရင် ဆုံးဖြတ်ရခက်ချေပြီ။ ဒါနဲ့. . .

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃)

အိမ်အပြန်လမ်းလျှောက်လာရင်း သူ တိုရီ့ကို ဘယ်လိုစကားစရမလဲ စဉ်းစားနေမိတယ်။

"တိုရီ သရဲကြောက်တတ်လား"

"ဟင့်အင်း. . . မကြောက်ပါဘူး။ ရှိန်းက ကြောက်လို့လား"

"ကိုကိုက ကြောက်တာပေါ့။ လူလူချင်းက ထရိုက်လိုက်လို့ရသေးတယ်။ သရဲကျတော့ ကိုကို ဘယ်လိုသွားထိုးရမလဲ"

ကလေးအထာစကားမှန်း သိသိကြီးနဲ့ သူ ပြောချလိုက်ရတယ်။ ပြောပြီးမှ စိတ်ထဲ "ငါ့နှယ် ကလေးစကားတွေ"ဆိုပြီး အပြစ်တင်လိုက်သေးတာ။ တိုရီကတော့ "ရှိန်းကလဲ"လို့ပြောပြီး ခပ်လွင်လွင်ရယ်တယ်။ ဒီလိုလက်ဆုပ်လက်ကိုင်ပြစရာ မရေရာတဲ့အကြောင်းတွေနဲ့တော့ တိုရီ့ကို သိမ်းသွင်းလို့ရမှာ မဟုတ်မှန်း သူ သဘောပေါက်လိုက်ပြီး နည်းနည်းမုသားသုံးမှ အဆင်ပြေမယ်ဆိုပြီး စကားလမ်းကြောင်းကို ပြောင်းဖို့ ကြိုးစားလိုက်တယ်။

"အိမ်က ထွက်မလာခင် မေမေဖုန်းဆက်တယ် တိုရီရဲ့။ ကိုကို အဆူခံလိုက်ရတယ်"

သူ့စကားကြောင့် တိုရီ မျက်လုံးလေးဝိုင်းသွားပြီး-

"ဟင်. . . မေမေက ရှိန်းကို ဘာလို့ ဆူတာလဲ" "အိမ်ကြီးမှာသွားနေတာ

mgyoe.com

mgyoe.com SAMPLE BOOK

မေမေ မကြိုက်ဘူးလေ။ မေမေ့စကား နားမထောင်လို့ဆိုပြီး ကိုကို့ကို စိတ်ဆိုးသွားတယ်။ ကိုကိုကလည်း တိုရီက အိမ်ကြီးမှာ နေချင်တာဆိုတော့"

သူစကားစကိုဖြတ်ချပြီး တိုရီ့ကို လှမ်းကြည့်လိုက်တော့ ကောင်မလေး မျက်နှာက ဆီးရွက်လောက် ကျုန်တော့တယ်။

"တိုရီ စိတ်မကောင်းပါဘူး ရှိန်း. . . မေမေက ဘာလို့ အဲ့အိမ်မှာ မနေစေချင်တာလဲဟင်။ အိမ်လေးက ဒီလောက်ချစ်စရာကောင်းတာ"

အဲလိုပြောပြီး တိုရီ သက်ပြင်းမသိမသာ ချလိုက်သေးတယ်။ ပြီးမှ-

"မေမေမကြိုက်ရင် တိုရီတို့ မနေတော့ဘူးလေနော်။ ရှိန်းကိုလည်း တိုရီ့ကြောင့် မေမေ စိတ်ဆိုးတာ မခံစေချင်ဘူး"

သူအလိမ်မှာသုံးပြီး ပြောလိုက်ရပေမယ့် ဒီလိုဆိုတော့လည်း စိတ်မကောင်း၊ ဒါပေမဲ့လည်း တိုရီ့ကို မလိုအပ်ဘဲ မထိတ်လန့်စေချင်တာကြောင့် သူ ဒီလိုပဲလုပ်ရမှာ။

"နေ့ခင်းဘက်တော့ တိုရီအိမ်ကြီးဘက် သွားလို့ရပါတယ် တိုရီရဲ့။ ညဘက်တော့ တိုက်လေးဘက်မှာပဲ အိပ်လေ။ အဲလိုဆိုရင်ရော"

သူ့စကားကြောင့် တိုရီက ပါးချိုင့်လေးခွက်နေအောင်ပြုံးပြီး ခေါင်းညိတ်ပြတယ်။ ကလေးမက လူကြီးမကျနဲ့ ကလေးမ စကားပြောတာက တစ်ခါတလေလည်း ကလေးလိုလို တစ်ခါတလေတော့လည်း လူကြီးကြီးလို သူ အူယားလာပြီး တိုရီ့ခေါင်းကို ဒေါက်ခနဲနေအောင် ခေါက်ပစ်လိုက်တယ်။

"ဟာ. . . ရှိန်း ဘာလို့ခေါက်တာတုန်း"

ပုံစံက ချက်ချင်းပြောင်းသွားတယ်။ မျက်နှာက ဆူပုပ်သွားပြီး လက်သီးနှစ်ဖက်က ဆုပ်ထားသေးတာ။ သူ့ထက်ကြီးနေလို့သာ ဘာမှပြန်မလုပ်တဲ့ပုံစံမျိုး။ ငယ်များငယ်ရင် ကိုင်ပေါက်တော့မယ်ပုံနဲ့. . .။

"ဟားဟား. . . လိမ္မာလို့လေ ပြောရဆိုရခက်မယ် ထင်ထားတာ"

ပြောပြောဆိုဆိုနဲ့ နဖူးကို တစ်ချက်ပိတ်တောက်ပြီး သူ တစ်ချိုးတည်းပြေးတော့ တိုရီ နောက်ကနေ အာပြကြီးနဲ့အော်ရင်း ပြေးလိုက်လာတယ်။

ပြေးလာရင်း ခြံထဲရောက်တော့ ဘေးက သရက်ပင်တွေ ကြားဝင်ပြေးမယ် အလုပ်မှာ သူ တုန့်ခနဲရပ်သွားတယ်။ အကြည့်တွေက အိမ်ကြီးရဲ့ဝရန်တာမှာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားတဲ့အချိန် တွေ့လိုက်ရတာက ဝရန်တာမှာရပ်နေတဲ့ အနက်ရောင်မိန်းကလေး၊ သူ့ကို လက်ချောင်းတွေ အသာလှုပ်ရှုံလှုပ်ပြီး လက်ပြနေတဲ့ဟန်နဲ့. . .။

mgyoe.com

mgyoe.com SAMPLE BOOK

ညနေခင်း ဝင်လုဝင်ခင် နေရောင်ခပ်ပျပျအောက်မှာ ဆံပင်ဖားလျားနဲ့ ပုံစံက တကယ်ကျောချမ်းစရာ။ အဲ့အချိန်မှာပဲ

"မိပြီဟေ့ ရှိန်းကြီး"

တိုရီက သူ့အကျီကိုလှမ်းဆွဲပြီး တရားခံမိသလို ဆွဲခေါ်သွားတဲ့အခိုက် သူ ကြောင်အမ်းအမ်းနဲ့ ပါသွားရင်းက နောက်ပြန်လှည့်ကြည့်တော့ အနက်ရောင် ပုံရိပ်က မရှိတော့ပြီ။ ခဏခဏမြင်နေရပုံထောက်တော့ သူပဲ ကံနိမ့်နေတာလား. . . ထိုအရာကပဲ. . .။

ဒီညကတော့ တိုက်လေးထဲ ပြန်ပြောင်းလာကြပြီ။ ကိုဖိုးမောင်တို့ကိုလည်း သူ့မှာ သနားလှပြီ။ ပစ္စည်းတွေ ဟိုဘက်ပို့လိုက် ဒီဘက်ပို့လိုက်နဲ့ လုပ်နေရတာတောင် နည်းနည်းမှ ညည်းညူတာမျိုးမရှိ။ ကိုဖိုးမောင်လို့သာ ခေါ်နေပေမယ့် အသက်က မေမေနဲ့မှ မတိမ်းမယိမ်းရယ်။ သူငယ်ငယ် ဖွားဖွေရှိစဉ်ကတည်းက သူတို့အိမ်က ကရိကထအကုန်လုပ်ပေးရတဲ့ အလုပ်သမား။ အခုတော့လည်း ဆွေမျိုးတွေလောက် နီးနီး သံယောဇဉ်ဖြစ်နေရတဲ့သူတွေပေါ့။ ကိုဖိုးမောင်တို့လင်မယားလည်း ကလေး တစ်ယောက် ရလိုက်သေးပေမယ့် ကလေးက လသားအရွယ်မှာတင် အတွင်းတက် တက်ပြီး ဆုံးသွားရှာတာ။

မေမေပြောပြတာတော့ ကိုဖိုးမောင်ကြီးခမျာ အရူးတစ်ပိုင်း ခံစားခဲ့ရတာ တဲ့။ အဲ့နောက်ပိုင်း ကလေးလည်းထပ်မယူကြတော့ဘဲ သူတို့ကလေးနဲ့ အသက်အရွယ် မတိမ်းမယိမ်းဖြစ်တဲ့ သူ့ကိုပဲ တူလိုသားလို စောင့်ရှောက်ခဲ့ကြသူတွေ။ သားလောက် အရွယ်ကို အစ်ကိုလေးခေါ်ပြီး တရိုတသေဆက်ဆံလွန်းတော့ သူ့မှာ မနေတတ်ခဲ့ တာလည်း အမှန် "ရှိန်း"လို့ပဲ ခေါ်ပါဆိုတော့လည်း 'သူ နှုတ်ကျိုးနေပြီမလို့ပါ စိတ် ထဲမထားပါနဲ့'တဲ့။

မေမေ့မှာ မောင်နှမသားချင်းမရှိတော့ သူ့မှာလည်း ဦးလေးအဒေါ်တွေ မရှိတဲ့အတွက် ကိုဖိုးမောင်တို့လင်မယားက သူ့အတွက် ဦးလေးနဲ့ အဒေါ်လိုပင်။

"ကိုဖိုးမောင်. . . ကိုဖိုးမောင်တို့လည်း ဒီမှာပဲ လာအိပ်နော်။ အိမ်ကြီး ဘက်မှာဆို ကောင်းကောင်းအိပ်ရမှာ မဟုတ်ဘူး"

"ဟုတ်ကဲ့ အစ်ကိုလေး"

ညစာစားပြီးကြတော့. . . သူက အလုပ်အတွက် plan ပုံတွေကြည့်နေ တုန်း တိုရီကတော့ စာအုပ်ဖတ်လိုက်။ တီဗီကြည့်လိုက် သူ့နားလာပြီး သူမ သိချင် တာတွေ လာမေးတယ်။

mgyoe.com

mgyde.com SAMPLE BOOK

မေမေ ဘာကြိုက်တတ်လဲ. . . သူ ဘာကြိုက်တတ်လဲဆိုတာလည်း မသိမသာ မေးသေးတာ။ သူ လုပ်လက်စအလုပ်တွေပြီးတော့မှ တိုရီရဲ့ အေးအေးဆေးဆေး စကားပြောဖြစ်တော့-

"တိုရီ့ဘဝမှာ အဖြစ်ချင်ဆုံးရည်မှန်းချက်က ဘာလဲ"

သူ့အမေးကို သူမ မဆိုင်းမတွ ဖြေလိုက်တာက-

"တိုရီ့ရည်မှန်းချက်က တကယ့်အစစ်အမှန် ပျော်ရွှင်ရတဲ့ဘဝမျိုးမှာ ရှင်သန်ချင်တာ"

သူ ကြားနေကျ အဖြေမျိုးတွေနဲ့မတူတော့ နည်းနည်းတော့ အထူးအဆန်း ဖြစ်သွားမိတယ်။

"ဒါဆို တိုရီ အကြောက်ဆုံးအရာကရော"

တိုရီက သူ့မျက်နှာကို စေ့စေ့ကြည့်ရင်း ပြန်ဖြေလိုက်တာက-

"မပျော်ရွှင်မှု"

သူ ထင်ထားတာက မြွေ၊ ပင့်ကူ၊ ပိုးဟပ် အစရှိသဖြင့် သတ္တဝါတစ်ကောင် ဖြစ်မယ် ထင်ခဲ့ပေမယ့် တိုရီ့အဖြေကြောင့် နည်းနည်းတော့ မှင်တက်မိသွားတယ်။

"ဘာလို့ မပျော်ရွှင်မှုကို ကြောက်တာလဲ တိုရီရဲ့"

ဒီကောင်မလေးမှာ ဘယ်လိုအတွေးအခေါ်တွေ ရှိနေတာလဲ သိချင်လို့ သူ မေးလိုက်ခြင်းဖြစ်တယ်။

"ရှိန်းပဲ စဉ်းစားကြည့်လေ. . . တိုရီတို့ နေ့စဉ်ဖြတ်သန်းနေရတဲ့ ခံစားချက်တွေထဲမှာ ပျော်ရွှင်မှုက အရေးအပါဆုံးပဲ။ ဘယ်လောက်ကျန်းမာနေနေ ချမ်းသာနေနေ ဘယ်လိုပဲ ပြည့်စုံနေပါစေ၊ နေထိုင်ရတာ အသက်ရှင်ရတာ ပျော်ရွှင်မှု မရှိတော့ရင် ဘဝက ဘယ်လိုအဓိပ္ပာယ်ရှိဦးမှာလဲ။ မပျော်ရွှင်ရတော့ရင် ဘယ်လို ဆက်အသက်ရှင်ရမလဲဆိုတာ တိုရီဖြင့် တွေးတောင်တွေးမကြည့်ရဲဘူး။ အဲဒီတော့ တိုရီက မပျော်ရွှင်မှုကို ကြောက်တယ်။ မပျော်ရွှင်မှုက အသက်တစ်ချောင်းကို နုတ်ပစ်နိုင်လောက်အောင် အဆိပ်ပြင်းတယ် ရှိန်းရဲ့"

အသက်နဲ့မလိုက်အောင် တွေးခေါ်မှုအသစ်အဆန်းရှိပုံကိုတော့ဖြင့် သူ သဘောကျသွားတယ်။

"ဒါဆို တိုရီက ဘယ်လိုအခြေအနေတွေမျိုးမှာဆို မပျော်ဘူးလဲ"

သူ့အမေးကို တိုရီ ခဏစဉ်းစားလိုက်သေးတယ်။ ပြီးမှ "တိုရီ သေချာမသိဘူး ရှိန်း. . . ဖေဖေက တိုရီ့ကို ပျော်အောင်၊ စိတ်ချမ်းသာအောင် ထားပေးတယ်"

mgyde.com

mgyoe.com

"ဒါဆို တိုရီ့ကို ကိုကို လက်ဆောင်အနေနဲ့ အကြံတစ်ခုပေးမယ်။ တိုရီ ကြောက်တဲ့ မပျော်ရွှင်မှုနဲ့မဆုံအောင် တားပေးနိုင်မယ့်အကြံပေါ့"

"ဘာကြီးလဲဟင်"

"တိုရီ့ပျော်ရွှင်မှုဟာ တိုရီ့ဆီက လာတာပဲဖြစ်ပါစေ၊ တိုရီ့ပျော်ရွှင်မှုက ဘယ်သူ့အပေါ်မှာမှ မှီခိုမှုမရှိစေနဲ့။ ဒါဆို အနည်းနဲ့အများတော့ တိုရီ မပျော်ရွှင်မှုနဲ့ တတ်နိုင်သမျှ ရှောင်နိုင်လိမ့်မယ် ဟုတ်ပြီလား"

တိုရီ့ခေါင်းကို အသာပုတ်ပေးရင်း သူ ပြောတော့ ကောင်မလေး ဇက်ကလေးပုပြီး ခေါင်းညိတ်ပြတယ်။ မပျော်ရမှာကြောက်တဲ့ ဒီညီမလေးကို တစ်သက်လုံး ပျော်ရွှင်နိုင်စေချင်ပါရဲ့။

❑

အိမ်ထဲမှာ သူ သတင်းစာဖတ်နေတုန်း နားထဲကို အသံတချို့တိုးဝင်လာခဲ့တယ်။ ဆိုင်းသံဗုံသံတချို့ရယ်. . . သီချင်းသံရယ်. . .

"မှုံရွှေရည်"သီချင်း။

*"xxx မှုံရွှေရည်xxx ခိုင်မာလာနှင်းဆီxxx ကြိုင်စွာသာသင်းပြီxxx"*

သီချင်းသံလာနေတာက အိမ်ကြီးဆီက။ သူ သတင်းစာကို အသာချထားလိုက်ပြီး တိုက်လေးထဲက ထွက်လာလိုက်တယ်။ ထွက်လာမှ အသံက ပိုပီပြင်လာတယ်။ မိန်းကလေးတစ်ယောက်ရဲ့ အသံချိုချိုက သီချင်းနဲ့ ပနံရစွာ ပျံ့လွင့်နေတာ အမှန်။ သူ့ခြေလှမ်းတွေ ရွှေ့လို့ရွှေ့မှန်းမသိ အိမ်ကြီးဆီ ဦးတည်သွားနေမိခဲ့တယ်။

အံ့အားသင့်စွာ တွေ့လိုက်ရတာက အိမ်ကြီးရဲ့ လှေကားတက်ကွပ်ပျစ်ရှည်ကြီးမှာ လူတချို့က ဆိုင်းတီးနေကြပြီး အလယ်မှာ မိန်းကလေးတစ်ယောက်က ဆိုလည်းဆို ကလည်းကနေတယ်။

အောက်ကနေ လှမ်းမြင်နေရတာမို့ မျက်နှာတွေတော့ မသဲကွဲသေးပေ။ ဒီလူတွေ ဘယ်ကဘယ်လိုများ အိမ်ပေါ် ထိရောက်နေကြပါလိမ့်လို့ တွေးမိပေမယ့် ဒေါသထွက်ရမယ့်အစား သီချင်စိတ်က ပိုပြင်းပြနေတော့ စိတ်တိုဖို့ သတိမရသေး။ သူ လှေကားကနေ တဖြည်းဖြည်းတက်လာရင်း အလယ်လောက်ရောက်တော့ သူ မြင်လိုက်ရတာက အင်္ကျီက အနက်ရောင်ကိုမှ လက်အကွပ်နေရာနဲ့ ခါးနေရာမှာ အနီရောင် ပန်းနုပ်နုပ်လေးတွေ ထိုးထားတဲ့ လက်ပြတ်ခါးတို၊ အနီနဲ့အနက် ပတ်လည်စင်း ထဘီကို ချပ်ချပ်ရပ်ရပ်ပတ်ထားတဲ့ မိန်းကလေးတစ်ယောက် မှုံရွှေရည်သီချင်းနဲ့ စည်းချက်ကျစွာ က,နေလေရဲ့။ လက်တစ်ခါချိုးလိုက်တိုင်းမှာ မျက်နှာက

mgyoe.com

mgyoe.com

မျက်စမျက်နနဲ့။

အနှိုမိန်းကလေးရဲ့ ပုံပန်းသွင်ပြင်ကို ကြည့်ခြင်းအားဖြင့် အသက်က ၂၀ ဝန်းကျင်ပဲ ရှိလောက်ဦးမည်။ မိန်းကလေးက ရုပ်ရည်အားဖြင့် ကြာကြာအကြည့်ခံ တဲ့ရုပ်မျိုး။ ရယ်ရင်းပြုံးရင်း က,နေပာန်က မျက်စိမလွှဲချင်လောက်အောင် ကျက် သရေရှိလှသည်။

ဆံပင်တွေက တင်ပါးပေါ် ဝဲနေပြီး ထူအိမ်မဲခဲနေခြင်းက သူမရဲ့ အလှကို ပိုမိုထောက်ပံ့ပေးနေသလိုပင်။ သူကြည့်နေတာကို တစ်ယောက်မှမမြင်သလို တီးကြ ဆိုကြကကြနဲ့ သူ ဘယ်လောက်ကြာအောင် ရပ်ကြည့်နေမိတယ်မသိ။ သီချင်းအဆုံး သီချင်းချတဲ့အချိန် မိန်းကလေးက ကိုယ်ကိုတစ်ပတ်လှည့်ပြီး ထိုင်ချရင်း ကကွက် အဆုံးသတ်တဲ့အချိန် လင်းထိန်နေတဲ့ပတ်ဝန်းကျင်က ချက်ချင်းမှောင်ကျသွားတယ်။ ဆိုင်းသံအရပ်မှာပဲ ဆိုင်းတီးနေတဲ့သူတွေ ရုတ်ချည်းဆိုသလို ပျောက်ကွယ်သွားပြီး. . . ကနေတဲ့မိန်းကလေး သူ့ဘက်ကို ဆတ်ခနဲ လှည့်ကြည့်လိုက်တဲ့ အချိန်. . . မျက်နှာ ကို ပြာနှမ်းပြီး သွေးကြောမည်းမည်းတွေက အက်ကြောင်း ထနေတယ်။

မျက်လုံးက အဖြူစွတ်စွတ်ထဲမှာ အနက်ဆံက ပါတယ်ဆိုရုံ အပြောက် လေးတင်၊ ဝတ်စုံကလည်း ခုနကဝတ်စုံမဟုတ်တော့ပြီ။ အနက်ရောင်မင်းသမီးဝတ်စုံ နဲ့။ ထိုင်နေရာကနေ သူ့ဆီလေးဖက်ကုန်းပြီး တွားသွားလာရင်း ပါးစပ်ကနေလည်း "ထွက်သွားကြစမ်း"ဆိုပြီး အော်လိုက်တဲ့အသံက အက်ကွဲကွဲနဲ့ အသံတွေ ထပ်နေ တယ်။ မမျှော်လင့်ထားတဲ့ပုံစံမျိုး ရုတ်ချည်းပြောင်းလဲသွားတော့ သူ လန့်ဖျပ်သွားပြီး နောက်ကို ခြေတစ်လှမ်းအဆုတ်မှာ လှေကားပေါ်ကနေ ပြုတ်ကျသွားပြီး ရင်ထဲ ဟာခနဲ ဖြစ်အသွားမှာပဲ။

"အား. . . "

သူ ငေါက်ခနဲထထိုင်လိုက်တော့ သူ ချွေးတွေစိုရွှဲနေပြီး အာခေါင်တွေ လည်း ခြောက်နေတယ်။ အသက်ရှူသံတွေမြန်ပြီး ရင်ထဲမှာလည်း တထိတ်ထိတ်နဲ့ နှလုံးခုန်မြန်နေတာက နားကနေတောင် ရင်ခုန်သံကို ပြန်ကြားနေရသလို ပြီးမှ အိပ်ယာထဲမှာရှိနေတဲ့ သူ့အဖြစ်ကို သတိထားမိပြီး-

"အိပ်မက်"ဆိုတာသိလိုက်ရမှ လူက နည်းနည်းနေသာသွားတယ်။ ဒီမိန်း ကလေး အပြင်မှာ နဖူးတွေ့ ဒူးတွေ့ ခြောက်လှန့်လို့မရတော့ အိပ်မက်ထဲထိတောင် လာခြောက်တယ်ဆိုတော့လည်း ခက်တော့ခက်ချေပြီ။

❑

mgyoe.com

mgyoe.com SAMPLE BOOK

နောက်နေ့မနက် အစောကတည်းက သူ အလုပ်ကိစ္စနဲ့ ထွက်လာရတယ်။ မနက်စာတောင် တိုရီနဲ့မစားဖြစ်ခဲ့။ တစ်နေကုန် အလုပ်ကြောင့် ဟိုကူးလိုက် ဒီကူးလိုက်နဲ့ အချိန်ကုန်လို့ကုန်မှန်းတောင် မသိလိုက်။ ကိစ္စတွေ အားလုံးပြီးလို့ အိမ်ပြန်တော့မယ်ဆိုတော့ အချိန်က ၄ နာရီကျော်ပြီ။ ကားပေါ်က ဆင်းလိုက်တဲ့အချိန် ဘေးက သရက်ပင်နောက်ကနေ တစ်ခုခု ရိပ်ခနဲဖြတ်သွားတာ မြင်လိုက်တယ်။ လှည့်ကြည့်လိုက်တော့ ဘာမှမရှိဘူး။ ဒါနဲ့ အိမ်ထဲဝင်တော့မယ်ဆိုပြီး ခြေလှမ်းအလာ နှစ်လှမ်းသုံးလှမ်းလောက်ပဲ ရှိသေးတဲ့အချိန် နောက်ကနေ တစ်ယောက်ယောက်က သူ့မျက်လုံးတွေကို လက်နဲ့ဖိပိတ်ထားတယ်။

ထိတ်ခနဲတော့ လန့်သွားပေမယ့် သူ့ကို ဒီလိုစနောက်မယ့်သူက တိုရီက လွဲရင် မရှိတာမလို့. . .

"တိုရီရေ. . . ကိုကိုဖြင့် လန့်သွားတာပဲ"

"တိုရီ ဘာလုပ်လို့လဲ ကိုကိုရဲ့"

သူ "ဟင်"ခနဲ ဖြစ်သွားသည်။ တိုရီ့အသံက သူ့နောက်က ထွက်လာတာမဟုတ်. . . အိမ်တံခါးဝလောက်ကနေ လှမ်းပြောလိုက်သလိုအသံ ဒါ. . . ဒါဆို သူ့ကို မျက်စိလာပိတ်ထားတာက ဘာကြီးလဲ။ သူ အလန့်လန့်အဖျပ်ဖျပ်နဲ့ လက်တွေကို ဆွဲဖြုတ်ပြီး လှည့်ကြည့်လိုက်တော့ မျက်လုံးတွေက ဖိပိတ်ခံထားရတာမလို့ အမြင်အာရုံတွေက သိပ်တော့မပီပြင်သေး။ သူမြင်နေရတာ မိန်းကလေးတော့ မိန်းကလေးပဲ။ မျက်လုံးတွေကို မြန်မြန်ပွတ်ပစ်ပြီး သေချာကြည့်လိုက်တော့ "ကြည်ဖြူ" မြင်လိုက်ရတဲ့အချိန်မှာတင် ရင်ထဲမှာ လှိုက်ခနဲဝမ်းသာသွားတာက ဘယ်လိုမှ ဖုံးဖိလို့မရ။ အားလုံးထဲမှာမှ သူ အမြတ်နိုးရဆုံး သူစိမ်းမိန်းကလေး "ကြည်ဖြူသွင်သွင်"

"ဘာ အခုမှ ကြည်ဖြူလဲ. . . လူကို ဖုန်းလေးတောင် တစ်ချက်မဆက်ဘဲနဲ့"

ကြည်ဖြူက နှာခေါင်းလေးရှုံ့ပြီး စကားနာထိုးတယ်။ တကယ်လည်း တိုရီနဲ့ သူ ဒီရောက်လာပြီးကတည်းက သူ ကြည်ဖြူဆီ အဆက်မသွယ်မလုပ်ဖြစ်ခဲ့တာ။ ဒါပေမဲ့ ကြည်ဖြူဆိုတဲ့ သူ့မိန်းကလေးက အဆက်အသွယ်မလုပ်လို့ဆိုပြီး သူ့ကို စိတ်ဆိုးစိတ်ကောက်မယ့်သူမျိုး မဟုတ်။ နှစ်ယောက်သားကြားမှာ နားလည်မှုတွေနဲ့ ကြိုးတစ်ချောင်း ခိုင်မြဲလာတာ အခုဆို ၇ နှစ်ကျော်လာခဲ့ပြီ။ ပိုပြီးနားလည်မှုရှိစေတဲ့ အကြောင်းက ကြည်ဖြူနဲ့သူဆိုတာ အလယ်တန်းကတည်းက ခင်လာတဲ့သူငယ်ချင်း

mgyoe.com

mgyoe.com

တစ်ဖြစ်လဲ ချစ်သူတွေ။ နှစ်တွေကြာလာလေ သူ ပိုပိုပြီး မြတ်နိုးရလေဖြစ်တဲ့ တစ်ဦးတည်းသော မိန်းကလေး။

"ကဲ. . . လာပါ၊ အိမ်ထဲရောက်မှ ရန်တွေ့တော့"

တိုရီကတော့ သူတို့ကိုကြည့်ပြီးပြုံးရင်း အိမ်ထဲဝင်သွားပြီ။ မြင်ကွင်းထဲမှာ တိုရီ ပျောက်သွားမှ သူ ကြည်ဖြူ့ကို ဖြုန်းခနဲဆို ဖက်လိုက်တယ်။

"အမလေး အခုမှ အကဲပို. . . နည်းနည်းလျှော့ပါဦး။ ဒီမှာ အသက်ရှူကျပ်နေပြီ"

ကြည်ဖြူက သူ့ကို အသာတွန်းထုတ်နေပေမယ့် ဒီလက်ကလေးတွေမှာ အားမပါတာကို သူပဲ သိတယ်မဟုတ်ပါလား။

"ကိုယ်တကယ် လွမ်းနေတာ ကြည်ဖြူရဲ့"

သူ့ရင်ခွင်ထဲကနေ မော့ကြည့်လာတဲ့ ကြည်ဖြူ့မျက်ဝန်းရိပ်တွေကလည်း သူနဲ့ထပ်တူထပ်မျှ. . . ။

❑

သူ ရေချိုးပြီးတော့ ညစာစားဖို့ အားလုံးအဆင်သင့်ဖြစ်နေပြီ။ ထမင်းစားပွဲမှာ သမီးယောင်းမနှစ်ယောက် သူ့ကိုစောင့်ရင်း ဘာတွေတွတ်ထိုးနေတယ် မသိ။ တိုရီနဲ့ ကြည်ဖြူက တိုရီရောက်စကတည်းက တွေ့ဖူးတာမလို့ အတန်အသင့်တော့ ရင်းနှီးနေပြီ။ ထမင်းစားပွဲမှာ ငယ်ကျိုးငယ်နာ ရောက်တတ်ရာရာတွေပြောကြတော့ တိုရီက နားထောင်ရင်း အရယ်သမား၊ တိုရီက အရင်စားပြီးလို့ ထမင်းဝိုင်းကနေ အရင်ထသွားတယ်။ တိုရီ အခန်းထဲဝင်သွားတဲ့အထိ ကြည်ဖြူ ကြည့်နေပြီးမှ သူ့ဘက်လှည့်လာပြီး-

"ရှိန်း ငါနင့်ကိုမေးမလို့"

များသောအားဖြင့် သူတို့အတွဲက နင်နဲ့ငါသာ သုံးနှုန်းကြလေသည်။

"မေးလေ ကြည်ဖြူရဲ့"

"နင်တို့နေရတာ အဆင်ရောပြေလား"

"ပြေပါတယ်ဟ. . . ဘာလို့မေးတာလဲ"

ကြည်ဖြူက ပြောသင့်မပြောသင့် စဉ်းစားနေသလို ဖြစ်နေတော့ သူကပဲ-

"ပြောလေ. . . ဘာဖြစ်လို့လဲ"

အဲဒီကျမှ ကြည်ဖြူက သက်ပြင်းတစ်ချက်ချပြီး-

"ငါက ဒီကို client ရဲ့ကိစ္စနဲ့လာတာ နင် သိတယ်မလား။ အန်တီက

mgyoe.com

mgyoe.com SAMPLE BOOK

နင်တို့မောင်နှမနှစ်ယောက် နေရထိုင်ရအဆင်ပြေလား သွားကြည့်ပေးပါဦး ပြောတာနဲ့ ငါလည်း နင်အံ့ဩသွားအောင် ကြိုမပြောဘဲ လာလိုက်တာ"

ကြည်ဖြူက ထမင်းကိုလက်စသတ်ရင်း ရေသောက်လိုက်တယ်၊ ပြီးမှ-

"နေ့လယ်ပိုင်း ငါရောက်တော့ နင်ကမရှိဘူးဟာ။ ဒါနဲ့ တိုရီရောလို့ ကိုဖိုးမောင်ကို မေးကြည့်တော့ နောက်ဘက်က အိမ်ကြီးမှာဆိုတာနဲ့ ငါလည်းလိုက်သွားတာ. . . အဲ့မှာ"

ကြည်ဖြူက ဆက်ပြောဖို့ ဝေခွဲမရသလို စကားစရပ်သွားတော့-

'အဲ့မှာ ဘာဖြစ်လဲ'

ကြည်ဖြူက သူ့ကိုသေချာကြည့်ရင်း-

"ငါ အိမ်ကြီးနဲ့ မလှမ်းမကမ်းရောက်တော့ တိုရီ ဝရန်တာမှာရပ်ပြီး ဖုန်းပြောနေတာ တွေ့တယ်။ ပြီးတော့. . . ပြီးတော့ သူ့ဘေးမှာလည်း ကောင်မလေးတစ်ယောက် ရပ်နေတယ်။ ရုပ်တော့ သေချာမမြင်လိုက်ပေမယ့် အင်္ကျီအနက်နဲ့ တိုရီက ငါ့ဘက်တည့်တည့်ရပ်နေတာ မဟုတ်တော့ ငါ့ကိုမမြင်ဘူး။ အဲ့ကောင်မလေးက မြင်ပုံရတယ်၊ ငါ့ကို လက်လှမ်းပြတယ်။ ငါလည်း တိုရီ့သူငယ်ချင်းဆိုပြီး ပြန်ပြုံးပြလိုက်တာပေါ့"

သူ နည်းနည်းတော့ သဘောပေါက်စပြုလိုက်ပြီ။

"အဲလိုနဲ့ ငါအပေါ်ရောက်သွားတော့ တိုရီတစ်ယောက်တည်းရယ်. . . ငါ့ကိုတွေ့တော့ တိုရီလည်း ဝမ်းသာနေရှာတာ။ တိုရီနဲ့ငါ စကားပြောရင်း တော်တော်ကြာတဲ့အထိ ခုနကကောင်မလေးကို မတွေ့တာနဲ့ တိုရီ့သူငယ်ချင်းရောလို့ မေးလိုက်တော့ တိုရီက ကြောင်သွားတယ်။ ဘယ်ကသူငယ်ချင်းလဲ၊ တိုရီနဲ့ဖုန်းပြောနေတဲ့ သူငယ်ချင်းကို မေးတာလားတဲ့။ အဲဒါနဲ့ ငါလည်း စိတ်ထဲတစ်မျိုးတော့ ဖြစ်သွားလိုက်တယ်။ တိုရီ့ကိုတော့ ဘာမှဆက်မပြောလိုက်ဘူး"

ပြောရင်းက ကြည်ဖြူက ရှေ့ကို နည်းနည်းတိုးလာပြီး အသံနိမ့်ရင်း. . .

"ငါတို့ ဒီတိုက်ဘက်ပြန်အလာမှာ စိတ်မလုံတာနဲ့ နောက်လှည့်ကြည့်တော့ ဝရန်တာမှာ ခုနမိန်းကလေးရှိနေတယ် ရှိန်း. . . ငါ တော်တော်ကျောချမ်းသွားတာ။ ငါ ကိုဖိုးမောင်ကိုလည်း တိုးတိုးတိတ်တိတ်မေးပြီးပြီ။ ဒီမှာ ဧည့်သည်ရှိသေးလား မေးတော့ သူလည်း မျက်နှာပျက်ပျက်နဲ့ နင်တို့လေးယောက်ပဲ ရှိတဲ့အကြောင်း ပြောတယ်။ ဒါကြောင့် ငါမေးတာ နင်တို့အဆင်ပြေရဲ့လားလို့"

ကြည်ဖြူ့စကားအဆုံးမှာ သူလည်း ကြက်သီးတော့ထသွားတယ်။ လော

mgyoe.com

mgyoe.com SAMPLE BOOK

လောဆယ် မြင်နေတွေ့နေတာ သူတစ်ယောက်တည်း မဟုတ်တော့တာလည်း သိလိုက်တယ်။ အဆိုးထဲကအကောင်း တိုရီ့ကို မနှောင့်ယှက်တာကိုပဲ ကျေးဇူးတင်ရမလိုလိုပင်။ ကြည်ဖြူ့အမေးကို သူ ဘယ်လိုဖြေရမှန်းတောင် မသိတော့သလိုလိုနဲ့ပဲ. . .

"ဘယ်လိုပြောရမှန်းတောင် မသိဘူး ကြည်ဖြူရေ"

သူ သက်ပြင်းအသာ ချပြီးမှ

"အိမ်ကြီးမှာရှိနေတဲ့ဟာကို ငါလည်းမြင်ဖူးတယ် ကြည်ဖြူ သရဲမဟာ. . . အနက်ရောင် မင်းသမီးဝတ်စုံနဲ့။ ပြီးတော့. . . "

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၄)

"ပြီးတော့ ဘာဖြစ်လဲ ရှိန်း"

ကြည်ဖြူက သူ့စကားကို စိတ်မရှည်သလို အမောတကောမေးတယ်။ သူ သက်ပြင်းအသာချရင်း-

"တော်တော်ကြောက်ဖို့ကောင်းတယ်။ ငါ့တစ်သက်နဲ့တစ်ကိုယ် အဲလို ကြောက်စရာကောင်းတာမျိုး တစ်ခါမှမကြုံဖူးဘူး၊ ရှိမယ်လို့လည်း မထင်ဘူး"

"ဒါနဲ့များ ဘာလို့ဆက်နေနေသေးတာလဲ ရှိန်းရယ်"

ကြည်ဖြူက သူ့ကို နားမလည်သလို မေးလာတော့ သူ ကြည်ဖြူ့ကို လေး လေးနက်နက်ကြည့်ရင်း-

"တိုရီ့ကြောင့်. . . တိုရီက ဒီမှာအရမ်းနေချင်နေတာ ကြည်ဖြူ။ ငါ လည်း သူ့ဆန္ဒကို မဖျက်ဆီးချင်ဘူး။ ပြီးတော့ တော်သေးတာတစ်ခုက တိုရီက အဲဒီပိန်းမ ရှိနေမှန်း အခုထိ သိသေးပုံ မရဘူး။ လောလောဆယ် ကြုံနေတွေ့နေရတာက ငါ တစ်ယောက်တည်း"

သူ့စကားအဆုံးမှာ ကြည်ဖြူက ခေါင်းကို ခပ်ဖြည်းဖြည်းယမ်းတယ်။

"မဟုတ်သေးဘူး ရှိန်း. . . နင် တိုရီ့ကိုချစ်တာ ငါ နားလည်ပါတယ်။ ဒါပေမဲ့ ဒါကြီးကတော့ မဟုတ်သေးဘူး။ နင်တို့ ဒုက္ခရောက်သွားနိုင်တယ်နော်။ အန်တီ သိရင်လည်း နင်တို့ကို ဒီမှာဆက်နေဖို့ ခွင့်ပြုမှာမဟုတ်ဘူး"

mgyoe.com

mgyoe.com SAMPLE BOOK

ကြည်ဖြူ့စကားကြောင့် သူ တွေဝေသွားရတယ်။ ကြည်ဖြူပြောတာလည်း မှန်ပေတာပဲ။ အခုထိတော့ ဘာမှမဖြစ်သေးပေမယ့် ဖြစ်လာခဲ့ရင် သူ တိုရီ့ကို ကာကွယ်ပေးနိုင်ပါ့မလား မသေချာ။ သူနဲ့ ကြည်ဖြူရဲ့စကားဝိုင်းက ခေတ္တတိတ်ဆိတ်သွားတယ်။ ကြည်ဖြူကလည်း သူ စဉ်းစားနေမှန်းသိတော့ ငြိမ်ငြိမ်လေးစောင့်နေပေးတယ်။ နောက်ဆုံး သူ သက်ပြင်းတစ်ချက် ချလိုက်ရင်း. . .

"နင်ပြောတာမှန်တယ် ကြည်ဖြူ အစကတော့ အိမ်လေးဘက်မှာ လာနေလိုက်ရင် အဆင်ပြေသွားမယ် ထင်ထားတာ။ အခုက တိုရီက အိမ်ကြီးဆီ ခဏခဏသွားနေတော့ တစ်နေ့မဟုတ် တစ်နေ့တော့ အဲဒီမိန်းမကို မြင်လာမှာပဲ။ ငါ့ကို နှစ်ရက် သုံးရက်တော့ အချိန်ပေးဦး ကြည်ဖြူ။ နောက်ထပ်နေရာရှာဖို့နဲ့ တိုရီ့ကို ပြောဖို့ ငါ့ကို အဲလောက်တော့ အချိန်ပေး"

ကြည်ဖြူက စိတ်ရှုပ်ထွေးပုံပေါ်နေတဲ့သူ့ကို လက်အသာကိုင်ပြီး. . .

"အေးပါ ငါက နင်တို့ တစ်ခုခုဖြစ်မှာစိုးရိမ်လို့ပါ။ မနက်ဖြန်နေ့ခင်း client နဲ့တွေ့ပြီးရင် ငါ အားပြီ။ နေ့ခင်းဘက်တွေ ငါ တိုရီနဲ့ လာနေပေးမယ်"

သူပြုံးရင်း ခေါင်းညိတ်ပြလိုက်ရင်း. . .

"ညလာအိပ်လည်း ရပါတယ်ဟာ၊ တိုရီနဲ့အတူ အိပ်လို့ရတာပဲ။ ကိုဖိုးမောင်မိန်းမလည်း ရှိတာပဲ။ ပြီးတော့ ငါ နင့်ကို ကိုက်မစားပါဘူးဟ"

ရယ်ကြကြပြောလိုက်ပုံကြောင့် သူ့စကားအဆုံးမှာ ကြည်ဖြူမျက်စောင်းက သူ့ဆီကို ဒိုင်းခနဲ. . . ပါးစပ်ကလည်း "ကောင်စုတ်"ဆိုပြီး ခပ်ကြိတ်ကြိတ်ပြောတယ်။ သူ့အတွက်တော့ ဒီမိန်းကလေးရဲ့ အပြောအဆို၊ အပြုအမူတိုင်းက မြတ်နိုးဖွယ်ရာတွေပဲ ဖြစ်နေခဲ့တော့လည်း ဘာပဲနေနေ ချစ်သည်ဆိုတာမျိုး။ ပြီးတော့ ဒီခြံကြီးထဲမှာ ဆက်နေဖြစ်မှာ မဟုတ်ဘူးဆိုတဲ့အသိနဲ့ စိတ်ထဲ အနည်းငယ်တော့ ပေါ့ပါးသွားတယ်။ ရှေ့ဆက်ဘာဖြစ်မယ်ဆိုတာ သူမှ ကြိုမသိခဲ့တာ။

❑

ညက ကောင်းကောင်းအိပ်ပျော်ထားလို့ မနက်အိပ်ရာနိုးတော့ သူ့စိတ်တွေ အတော်လေး ကြည်ကြည်လင်လင် ရှိနေလေသည်။ မျက်နှာသစ်ရင်း ဒီနေ့ လုပ်ရမယ့်ကိစ္စတွေကို ခေါင်းထဲမှာ အစီအစဉ်တွေချနေမိတယ်။ မနက်စာစားဖို့ ထွက်လာတော့ စားပွဲမှာ တိုရီက ဘာမှမစားသေးဘဲ သူ့ကိုစောင့်နေပုံ၊ သူ့ကိုမြင်တော့ ထုံးစံအတိုင်း "Morning ရှိန်း"ဆိုပြီး ပြုံးပြရင်းနှုတ်ဆက်တော့ သူတစ်ခုခု မူမမှန်တာကို သတိထားမိလိုက်တယ်။ တိုရီ့မျက်နှာက တော်တော်လေးညှိုးနေ

mgyoe.com

တယ်။ သူ့ကိုပြုံးပြပုံကတောင် ခပ်ယဲ့ယဲ့ရယ်။ သူ စားပွဲမှာပစ်ထိုင်ရင်း. . .

"တိုရီ. . . မျက်နှာလည်း မကောင်းပါလား၊ နေမကောင်းဘူးလား"

ပါးစပ်က ပြောလည်းပြော၊ လက်ကလည်း တိုရီ့နဖူးဆီရောက်ပြီး အသာ စမ်းကြည့်တော့ နည်းနည်းကိုယ်ပူနေတာ သိလိုက်တယ်။ တိုရီက သူ့ကို အသာပြုံးပြရင်း. . .

"ညက ကောင်းကောင်းအိပ်မပျော်လို့ပါ ရှိန်း. . . အိပ်မက် အင်း ဟုတ်တယ်။ ကြောက်စရာကောင်းတာတွေ အိပ်မက်မက်တယ် ရှိန်း။ တိုရီ ခဏခဏလန့်နိုးနေတာနဲ့ ကောင်းကောင်းမအိပ်ရဘူး။ အဲဒါကြောင့်ပါ တိုရီ နေကောင်းပါတယ်"

အိပ်မက်ဆိုတဲ့စကားထက် တိုရီ နေမကောင်းတာကို သူ အတော်လေး စိုးရိမ်သွားမိတာ အမှန်။

"ဘာလို့နေကောင်းရမှာလဲ တိုရီရဲ့။ အခု ကိုကိုစမ်းကြည့်တာ နည်းနည်း ကိုယ်ပူနေတယ်။ မနက်စာစားပြီးရင် ကိုကို ဆေးခန်းလိုက်ပို့ပေးမယ်နော်"

သူ ပျာယာခတ်အောင် ပြောနေတာကို တိုရီက သဘောကျပြီး-

"ရှိန်း သွားစရာရှိတာသွားပါ။ တိုရီ ဆေးသောက်ထားလိုက်မယ်။ အရင်ကလည်း ဒီလိုကိုယ်ပူရင် ဆေးသောက်တာနဲ့ပျောက်တယ်။ တိုရီ့ကို စိတ်မပူနဲ့နော်"

သူ စိတ်မဖြောင့်တာမလို့ မျက်နှာက စိတ်ပူနေတဲ့ပုံအတိုင်းသား၊ ဒါကို သိနေတဲ့ တိုရီက-

"တိုရီမသက်သာရင် ဖုန်းဆက်လို့ရတာကို၊ အန်တီလှရီလည်း ရှိတာပဲ၊ အရမ်း စိတ်မပူပါနဲ့ ရှိန်း"

"ဒါဆို ကိုကို ကြည်ဖြူ့ကိုလွှတ်လိုက်မယ်။ ကြည်ဖြူက နေ့ခင်းလောက်ဆို အားပြီဆိုတော့ သူ လာလိမ့်မယ်"

"ဟုတ်"

မနက်စာဝိုင်းကနေ တိုရီ ထသွားပုံက လေးလံထိုင်းမှိုင်းနေသလိုမို့ သူ အလုပ်မသွားခင် တိုရီ့ကိုဆေးသောက်ဖို့ အထပ်ထပ်အခါခါ မှာခဲ့ရတယ်။ အလုပ်ရောက်တော့လည်း ဖုန်းဆက်ပြီး ဆေးသောက်ပြီးပြီလား လှမ်းမေးရတာ အမော။ နေ့ခင်း ထမင်းစားချိန်ရောက်တော့ ကြည်ဖြူ့ဆီဖုန်းဆက်မလို့ တွေးပြီးမှ မဆက်တော့ဘဲ ကြည်ဖြူတည်းတဲ့ Hotel ဆီကိုပဲ မောင်းလာလိုက်ပြီး Hotel ရောက်မှ Lobby မှာ သူ ရောက်နေကြောင်း ဖုန်းဆက်တော့ ကြည်ဖြူ ဆင်းလာတယ်။

"ငါတောင် အခုပဲဖုန်းဆက်တော့မလို့။ ဘယ်လိုဖြစ်လို့ မပြောမဆို ရောက်

mgyoe.com

mgyoe.com
SAMPLE BOOK


ချလာတာတုန်း ရှိန်းရဲ့"

"တိုရီက သိပ်နေမကောင်းဘူး ကြည်ဖြူ။ အဲဒါ ငါ သူ့ကို စိတ်မချလို့။ နင့်အလုပ်ကိစ္စပြီးရင် အိမ်ကို တစ်ခါတည်းလိုက်ခဲ့ဖို့ ခေါ်မလို့"

သူ့စကားဆုံးတော့ ကြည်ဖြူက သူ့ကို "အကဲပိုရန်ကော"ဆိုတဲ့ပုံစံမျိုးနဲ့ ကြည့်ပြီး ပြုံးတယ်။

"အေးပါဟာ. . . ကျွန်တော်မျိုးမ အခုလိုက်ခဲ့မယ်။ ငါကတော့ ငါ့ကိုလွမ်းလို့လာတာမှတ်ပြီး ဘဝင်တွေတောင် မြင့်သွားတာ"

ကြည်ဖြူက နှုတ်ခမ်းဆူပြီး ပွစိပွစိပြောလာတော့ သူ့မှာ စိတ်ထဲမကောင်းဖြစ်သွားရသည်။ သူ့မိန်းကလေးအပေါ် သူနိုင်စားလွန်းရာများ ကျသွားပြီလားဆိုပြီး မျက်နှာမကောင်းဖြစ်သွားတော့ သူ့အကြောင်းကိုသိလွန်းတဲ့ ကြည်ဖြူက သူ့ပါးကို လက်ညှိုးနဲ့ အသာလှမ်းတို့ရင်း. . .

"ဟိတ် ငါက စတာပါ။ နင့်ကိစ္စက ငါ့ကိစ္စပဲ ရှိန်း။ နင့်ညီမလည်း ငါ့ညီမပဲလေ"

လို့ အပြုံးနဲ့ဆိုလာတော့ သူ့မှာ ပီတိလည်းဖြစ်ရသလို ကြည်လည်းကြည်နူးရလေသည်။ ဒီမိန်းကလေးရဲ့ စိတ်နှလုံးကို ပိုင်ဆိုင်ခွင့်ရခဲ့တာလည်း သူ့ဘဝအတွက် ကံအကောင်းဆုံးတွေထဲက တစ်ခုပင်။

"ကဲ. . . ဒါဆို ခဏစောင့်ဦး။ ငါ Laggage သွားယူပြီး Checkout လုပ်လိုက်ဦးမယ်"

"အေး အေး"

လမ်းမှာ ကားမောင်းလာရင်း ဘေးမှာ စကားတွေပြောပြီးလိုက်လာတဲ့ ကြည်ဖြူ့ကိုကြည့်ပြီး သူမကို သူ Propose လုပ်ခဲ့တဲ့နေ့ကို အမှတ်ရမိသွားတယ်။ အလယ်တန်းကတည်းက ခင်လာပေမယ့် တက္ကသိုလ်ရောက်မှ ကြည်ဖြူ့အပေါ်ထားတဲ့ သူ့သံယောဇဉ်တွေက အရောင်ပါလာခဲ့တာ ဖြစ်တယ်။ ဖူးမွှတ်နေအောင် လှတာမျိုးမဟုတ်ပေမယ့် စကားပြောပုံ၊ နေပုံထိုင်ပုံကအစ ဆွဲဆောင်နိုင်လွန်းတဲ့ ကြည်ဖြူက ပိုးပန်းခံရတာ တစ်ယောက်မဟုတ် နှစ်ယောက်မဟုတ် သူမက ဘယ်သူ့ကိုမှ စိတ်ဝင်စားဟန်မပြပေမယ့် သူကတော့ သဝန်တိုမှန်းမသိတိုပြီး ကြည်ဖြူ့အပေါ် တိမ်းညွတ်လာတဲ့ သူ့စိတ်ကို သတိထားမိလာခဲ့တာလေ။

တစ်ရက်. . . ကျောင်းပိတ်ရက်ကို ညနေပိုင်းမှာ နှစ်ယောက်သား စက်ဘီး ထွက်စီးခဲ့ကြတဲ့အချိန် ကြည်ဖြူက သူ့နောက်ကလိုက်ရင်း သူ့ကိုပိုးပန်းနေတဲ့အထဲက

mgyoe.com

mgyoe.com

လူတစ်ယောက်အကြောင်း တခုတ်တရပြောလာခဲ့တယ်။ သူ ဘာတစ်ခွန်းမှ ပြန်မပြောဘဲ စိတ်ပေါက်ပေါက်နဲ့ နင်းသွားလိုက်တာ တော်တော်ဝေးဝေး ရောက်သွားတာတောင် မသိဘဲ ကြည်ဖြူပြောမှ သတိဝင်ပြီးပြန်လှည့်ခဲ့ရတာ။

အပြန်လမ်းမှာ မိုးတွေသည်းတော့ လမ်းပေါ်ရေတွေတက်ပြီး စက်ဘီးနင်းဖို့ အဆင်မပြေတာနဲ့ ဆင်းတွန်းရတယ်။ တွန်းလာရင်း လမ်းက ကုန်းဆင်းနေရာရောက်တော့ ရေစီးကိုမျက်နှာမူပြီး တွန်းနေရတဲ့အချိန် ပုဆိုးဝတ်ထားတဲ့သူက ပုဆိုးဝိတ်ထိန်းရ ရေထဲမှာ စက်ဘီးတွန်းရနဲ့ဆိုတော့ ခရီးကမတွင်လှ။ ဒါနဲ့ ကြည်ဖြူက နောက်ကနေ ကူတွန်းပေးရတယ်။ မြင်းခြံထည်ဝမ်းဆက်နဲ့ နောက်ကနေ ကိုးရိုးကားရား စက်ဘီးတွန်းပေးနေတဲ့ ကောင်မလေးကိုကြည့်ရင်း သူ့ခံစားချက်တွေထိန်းမရအောင် ပွင့်ထွက်ချင်လာခဲ့တာ။ ဒါနဲ့ စက်ဘီးကိုဒေါက်ထောက်ပြီး ရပ်လိုက်တော့ ကြည်ဖြူက-

"ဟဲ့ ဘာလို့ရပ်တာလဲ။ မိုးက အရမ်းသည်းလာပြီ၊ အိမ်အမြန်ပြန်ကြမယ်။ ငါ တော်တော်လေးချမ်းနေပြီဟ"

ကြည့်လိုက်တော့ တကယ်လည်း ကြည်ဖြူက နှုတ်ခမ်းလေးတွေတောင် တဆတ်ဆတ်တုန်နေပြီ။ သူလည်း ဖြစ်ချင်တာဖြစ်တော့ဆိုပြီး-

"ကြည်ဖြူ ငါနင့်ကို ပြောစရာရှိတယ်"

"အိမ်ရောက်မှ ပြောလို့မရဘူးလားဟာ. . . ချမ်းလို့သေတော့မယ်"

"မရဘူးဟ. . . ငါပြောမှာက"

သူ့ပါးစပ်က စကားတွေထွက်မလာနိုင် ဖြစ်နေတာမို့ ခေါင်းကိုအပေါ်မော့ပြီး အားယူလိုက်တယ်။ မျက်နှာပေါ် ခုန်ပေါက်ကျလာတဲ့ မိုးစက်တွေက သူ့ကို အားပေးနေသည့်အလား သူ ခေါင်းပြန်မတ်ပြီး ကြည်ဖြူ့မျက်နှာကို တည့်တည့်ကြည့်လိုက်တယ်။ ကြည်ဖြူက ချမ်းလှပြီမို့ စိတ်မရှည်သလို သူ့ကိုကြည့်ရင်း-

"ဟဲ့ ဘာပြောမှာလဲ မြန်မြန်ပြော"

သူ ကြည်ဖြူ့မျက်ဝန်းထဲကို လေးလေးနက်နက်စိုက် ကြည့်ရင်း-

"ငါ. . . ငါနင့်ကိုချစ်တယ် ကြည်ဖြူသွင်သွင်"

သူ့စကားအဆုံးမှာ ကြည်ဖြူ့မျက်နှာက သူ ထင်မထားမိလောက်တဲ့ အံ့ဩရိပ်တွေ ဖြတ်ပြေးသွားခဲ့လေသည်။ ပြီးတော့-

"နင်. . . နင်. . . ဘာပြောလိုက်တာလဲ ရှိန်း"

မယုံနိုင်သလို အသံတုန်လေးနဲ့ သူ့ကိုပြန်မေးလာခဲ့တော့-

mgyoe.com

mgyoe.com SAMPLE BOOK

"ငါ နင့်ကိုချစ်တယ်. . . ဟုတ်တယ်၊ ငါ နင့်ကိုအရမ်းချစ်တယ် ကြည်ဖြူ"

သူ့စကားအဆုံးမှာ ကြည်ဖြူတစ်ယောက် အော်ရယ်လေသည်။ သူ ထိတ်ခနဲဖြစ်သွားပြီး ကြည်ဖြူ့မျက်နှာကို သေချာကြည့်မိတော့ မျက်ခမ်းလေးတွေပါ ရဲတက်လာတာ သတိထားမိလိုက်တယ်။ ကြည်ဖြူငိုနေတာလားဆိုပြီး သူ မလွတ်တမ်း လိုက်ကြည့်တော့ မယ်မင်းကြီးမလေးက ရယ်ရင်းကနေ တအီးအီးငိုချတော့တာ သူ့မှာ ပျာပျာသလဲတွေဖြစ်ရပြီး-

"ဟာ မငိုပါနဲ့ ကြည်ဖြူရာ. . . နင် ငြင်းလည်း ငါစိတ်မဆိုးပါဘူး။ ငိုတော့ မငိုပါနဲ့ဟာ"

အဲလိုပြောမှ ကြည်ဖြူက သူ့ကိုစိုက်ကြည့်ရင်း-

"အရူး"ဆိုပြီး အာခေါင်ခြစ်အော်လေသည်။ မိုးသံလေသံနဲ့မို့သာ တော်သေးတာ။ အသံက တော်တော်ကျယ်သွားတာ။ ပြီးတော့ သူ့ပါးတစ်ဖက်ကို လှမ်းဆွဲလိမ်ရင်း ပြောလိုက်တာက-

"ရှိန်း. . . ငါ နင့်ဆီက ဒီ. . ဒီစကားကြားရဖို့ ဘယ်လောက်တောင် စောင့်ခဲ့ရလဲ သိလား။ အခုမှပြောရလား အရူးကောင်ရဲ့"

ကြားလိုက်ရတဲ့စကားကို ချက်ချင်းနားမလည်လို့ တစ်ချက်တော့ ကြောင်သွားသေးတယ်။ ပြီးမှ. . .

"ဟာ. . . ဒါဆို. . . နင် ငါ့ကို ချစ်တယ်ပေါ့. . . ဟား. . . "

သူ့ပျော်လွန်းလို့ ကြည်ဖြူ့ကို စွေ့ခနဲကောက်ချီပြီး ချာလပတ်ယမ်းပစ်တော့တာ။ ပြုတ်ကျမှာကြောက်ပြီး သူ့ကို တင်းတင်းဖက်ထားတဲ့ လက်ကလေးတွေကို အခုထိ မမေ့သေး။ အဲ့နေ့က အိမ်ပြန်ရောက်တော့ နှစ်ယောက်လုံးဖျားခဲ့တာကလည်း မှတ်မှတ်ရရပင်။ အတိတ်ဆီပြန်တွေးရင်း သူပြုံးမိတော့ ကြည်ဖြူက-

"ဘာတွေပြုံးနေတာလဲ. . . ငါ့လည်းပြောပြပါဦး"

စသလိုလို နောက်သလိုလို ပြောလာတဲ့စကားကြောင့်-

"အေး အေး ငါ ပြောပြမယ်"

ပြောပြောဆိုဆိုနဲ့ပဲ သူ ကားကို လမ်းဘေးချရပ်ပြီး ကားပေါ်ကဆင်းတော့။ ကြည်ဖြူကလည်း ဆင်းလိုက်လာတယ်။ လမ်းဘေး သစ်ပင်ရိပ်အောက်ရောက်တော့ ရပ်နေတဲ့သူ့အနား ကြည်ဖြူက ဘာစကားမှမဆိုဘဲ ဘေးကနေလာရပ်လေတော့ သူ ကြည်ဖြူ့ဘက် အသာလှည့်ပြီး ပခုံးကနေဆွဲယူပြီး ဖက်လိုက်တော့-

"ရှိန်း လမ်းဘေးကြီးမှာ"

mgyoe.com

mgyoe.com SAMPLE BOOK

"ခဏလေးပါဟာ. . . ငါနင့်ကို အရမ်းချစ်တယ် ကြည်ဖြူ။ ငါလိုအပ်တိုင်း ငါပင်ပန်းတိုင်း ငါ့ဘေးမှာ နင်အမြဲရှိပေးခဲ့တယ်။ အရမ်းချစ်တယ်ဆိုတဲ့စကားထက် လေးနက်တဲ့စကားရှိသေးရင် ပြောချင်သေးတယ် ကြည်ဖြူ. . . နင့်ကို မြတ်မြတ်နိုး နိုးနဲ့ ချစ်တာ"

အစက မသိမသာလေးရှုန်းနေတဲ့ ကြည်ဖြူက သူ့စကားအဆုံးမှာ ငြိမ် သွားပြီး သူ့ကို ပြန်ဖက်တွယ်လာခဲ့တယ်။

"ငါလည်း နင့်ကို ပြောမပြတတ်အောင် ချစ်ပါတယ် ရှိန်းရယ်"

တစ်ယောက်နဲ့တစ်ယောက် လွတ်ထွက်မတတ် ဖက်ထားရင်းက စက္ကန့် အတော်ကြာတော့ ကြည်ဖြူက သူ့ရင်ခွင်ထဲကနေ အသာမော့ကြည့်ပြီး-

"ကဲ အခုတော့ တိုရီဆီသွားလိုက်ရအောင်. . . နင်ပဲ စိတ်ပူတယ်ဆို"

ဒါနဲ့ ကားဆီပြန်လာပြီး မောင်းထွက်လာတဲ့ လမ်းတစ်လျှောက် ကြည်ဖြူ့ လက်ကလေးကို တယုတယ ဆုပ်ကိုင်မိခဲ့တဲ့အထိ. . .

❑

ခြံရှေ့ရောက်တော့ ဟွန်းတီးရုံရှိသေး ကိုဖိုးမောင်က အပြေးတစ်ပိုင်းထွက် လာလေသည်။ ကိုဖိုးမောင်ပုံစံကြောင့် သူ့စိတ်ထဲ ထိတ်ခနဲဖြစ်သွားပြီး ကားပေါ်က ဆင်းပြီး ခြံတံခါးဆီ အမြန်သွားရင်း-

"ကိုဖိုးမောင်. . . ဘာဖြစ်လို့လဲ။ တိုရီလား. . . တိုရီ ဘာဖြစ်တာလဲ"

"တိုရီလေး မူးလဲသွားလို့ အစ်ကိုလေး. . . အဲဒါ"

"ဗျာ. . . ကျွန်တော့်ဆီ ဘာလို့ဖုန်းမဆက်တာလဲဗျ။ အခု တိုရီဘယ်မှာ လဲ"

"ဆက်တယ် အစ်ကိုလေး. . . အစ်ကိုလေး ဖုန်းမကိုင်တာနဲ့ ကျွန်တော် ဆရာဝန်ဆီဖုန်းဆက်ထားတယ်။ နောက် နာရီဝက်လောက်မှ ရောက်နိုင်မယ်ပြော တယ် အစ်ကိုလေး။ တိုရီလေးက အခုအိမ်ကြီးပေါ်က အခန်းထဲမှာ"

ကိုဖိုးမောင်စကားအဆုံး သူ အိမ်ထဲကို အပြေးဝင်တော့တာ ကိုဖိုးမောင် နဲ့ ကြည်ဖြူလည်း နောက်ကလိုက်လာတယ်။ အိမ်ကြီးပေါ်ရောက်တော့ သူ တွေ့လိုက် ရတာက ဧည့်ခန်းကခုံမှာ တိုရီက ထိုင်နေပြီး ဘေးမှ မလှရီက ယပ်တောင်လေးတစ် ချောင်းနဲ့ ယပ်ခတ်ပေးနေလေသည်။ သူ တိုရီ့နားရောက်သွားတော့-

"တိုရီ. . . မူးလဲသွားတာဆို ဘယ်လိုဖြစ်တာလဲ တိုရီရယ်။ မသက်သာရင် ကိုကို့ကို ဖုန်းဆက်ပါဆို"

mgyoe.com

mgyoe.com SAMPLE BOOK

"မမလေးက ဆေးသောက်ပြီး အိမ်ကြီးဘက်သွားနေမယ်ဆိုပြီး ထွက်သွားတာ။ နေ့လယ်စာစားချိန်ထိ ပြန်မလာသေးတာနဲ့ လိုက်ခေါ်တော့ အစ်ကိုလေး အိပ်ခဲ့တဲ့ အခန်းထဲမှာ သတိလစ်နေတာတွေ့တာပဲ အစ်ကိုလေး၊ အခုလေးတင် ပြန်သတိရလာတာ"

သူ့အမေးကို မလှရီက ဝင်ဖြေလိုက်တာဖြစ်သည်။ တိုရီက သူ့မျက်နှာကိုပဲ စေ့စေ့ကြည့်နေခဲ့တာ။ ကြည့်နေပုံက အရင်နဲ့မတူ သူ မရင်းနှီးတဲ့ အငွေ့အသက်တချို့ကို မြင်နေရပေမယ့် ဘာလဲဆိုတာတော့ သူ မပြောတတ်။ သူ့ကို စိတ်ဆိုးနေတာများလား ဆိုပြီး

"လာ. . . ကိုကိုတို့ ဆေးခန်းသွားကြမယ်။ ဆရာဝန်လာတဲ့အထိ မစောင့်ချင်တော့ဘူး"

သူပြောလည်းပြော တိုရီ့လက်ကိုလည်း အသာဆွဲခေါ်တဲ့အချိန် တိုရီက လက်ကို ဆတ်ခနဲရုန်းလိုက်တယ်။ တိုရီ့အပြုအမူကြောင့် သူ အံ့သြသွားပြီး လှည့်ကြည့်တော့ တိုရီက သူ့ကိုပြုံးပြီးကြည့်နေရင်း-

"ညီမလေး နေကောင်းပါတယ်။ နည်းနည်းအိပ်ရေးပျက်ထားတော့ မိုက်ခနဲဖြစ်တဲ့အချိန် ခဏလဲသွားတာ။ အခုသက်သာနေပါပြီ ကိုကို"

တိုရီ စကားပြောနေတဲ့ လေယူလေသိမ်းနဲ့ အသုံးအနှုန်းတွေကြောင့် သူ အံ့သြမှင်တက်သွားမိတယ်။

"ကိုကို". . . "ညီမလေး". . .

ဒီကလေးမလေး ဘယ်လိုဖြစ်သွားတာပါလိမ့်။

"ညီမလေး အခန်းခဏပြန်ပြီး နားလိုက်ဦးမယ်နော် ကိုကို"

တိုရီက ပြောလည်းပြော. . . ထထွက်သွားပြီး လှေကားကနေ ဆင်းသွားလေသည်။ သူပဲ စိတ်ထင်တာလားတော့မသိ လမ်းလျှောက်ပုံက နဂိုထက် ညင်သာသွဲ့ပျောင်းနေသလို ထင်လိုက်မိသည်။ ကြည်ဖြူကတော့ တိုရီ့နောက်က လိုက်သွားရှာပြီ။ တိုရီ့ကို ထူထူထောင်ထောင် မြင်လိုက်ရတော့ သူ အတော်လေး စိတ်အေးသွားရပြန်ပါရောလား။

တကယ်လို့ အခုမှ အပူအပင်တွေစမယ်ဆိုတာသာ သူ ကြိုသိခဲ့ရင်. . . ။

◆ ◆ ◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၅)

ဆရာဝန်ရောက်လာတော့ တိုရီ့ကို ဆေးတစ်လုံးထိုးပြီး သုံးရက်စာဆေးပေးခဲ့တယ်။ အားနည်းလို့ နေမကောင်းတာမလို့ အိပ်ချိန်၊ စားချိန်ကို ပုံမှန်ဂရုစိုက်ဖို့လည်း မှာတယ်။ ကြည်ဖြူအလုပ်ကိစ္စကလည်း ပြီးသလောက်ဖြစ်နေပြီမလို့ မပြန်ခင်း ရက်ပိုင်းလောက် တိုရီ့နားမှာနေပေးဖို့အတွက် အိမ်မှာပဲနေဖို့ဖြစ်သွားတာပေါ့။

တကယ်က ကြည်ဖြူ စိတ်မချတာက တိုရီတစ်ယောက်တည်းတော့ မဟုတ်တာ ရှိန်း သိတယ်။ သူ့ကိုပါစိတ်ပူလို့ဆိုတာ မေးကြည့်စရာတောင်မလိုပေ။ သူကတော့ အခုဖြစ်နေတဲ့ကိစ္စတွေကို ကြည်ဖြူ မေမေ့ဆီပြန်ပြောလိုက်မှာကိုပဲ စိုးရိမ်နေမိတာ။ တကယ်က သူ မယောင်ရာဆီလူးသလို ဖြစ်နေမိတာ သူလည်းသိတယ်။ တိုရီ့ဆန္ဒကို ဦးစားပေးတာမှန်ပေမယ့် ဒီလိုတွေဖြစ်နေမှတော့ ဒီမှာဆက်နေဖို့ မသင့်တော်ပေမယ့် တစ်ခုခုက သူ့စိတ်ကို ညှို့ယူထားသလိုမျိုးဖြစ်နေခဲ့တာ။

ပြီးတော့ သူ့စိတ်ထဲ ခံစားမိနေတာတစ်ခုရှိတယ်။ ဒီအိမ်ကြီးထဲမှာရှိတဲ့ အနက်ရောင်အမျိုးသမီးကို သူ့ကို ထွက်သွားစေချင်လို့ ခြောက်လှန့်ရုံသက်သက်မဟုတ်ဘဲ သူ မသိတဲ့တစ်ခုခု ရှိနေသေးတယ်လို့ အလိုလိုခံစားနေမိတာမျိုး။ သူ အတွေးစတွေဖြတ်ပြီး တိုရီ့ကိုလှမ်းကြည့်လိုက်တော့ တိုရီက ဆေးရှိန်ကြောင့် မှိန်းနေပြီ။

"ရှိန်း နင်အလုပ်ပြန်သွားရမှာမလား။ သွားလေ တိုရီ့ကို ငါ စောင့်ပေးလိုက်

mgyoe.com

mgyoe.com SAMPLE BOOK

မယ်"

သူ ဘာမှပြန်မပြောတော့ စိုးရိမ်ရိပ်မကင်းသေးတဲ့ သူ့မျက်နှာကိုကြည့်ပြီး ကြည်ဖြူက-

"ငါတစ်ယောက်လုံး ရှိပါတယ်ဟယ်။ နင်အလုပ်သာ ဖြောင့်ဖြောင့်လုပ်။ ဘာမှစိတ်မပူနဲ့ ဟုတ်ပြီလား"

တကယ်လည်း အလုပ်တွေက ပစ်ထားလို့မရတာမို့ တိုရီ့ကို သေချာ ဂရုစိုက်ဖို့ ကြည်ဖြူ့ကို အထပ်ထပ်အခါခါမှာရင်း သူ အလုပ်ပြန်သွားလိုက်တယ်။ ရတက်မအေးရတာ အမှန်မို့ သက်ပြင်းကို မှုတ်ထုတ်လိုက်တာ

"ဟူးခနဲ့. . . "

❑

ညနေ သူ အလုပ်ပြန်လာတော့ အိမ်ရှေ့ခုံလေးမှာထိုင်ပြီး အချဉ်ပေါင်းစား နေတဲ့ တိုရီနဲ့ ကြည်ဖြူ့ကို တွေ့လိုက်ရတယ်။ တိုရီ့ပုံစံက ကြည်ကြည်လင်လင်လေး မလို့ သူ နည်းနည်းတော့ စိတ်သက်သာရာရသွားတယ်။ သူ့ကားဝင်လာတာမြင်တော့ တိုရီ့မျက်နှာလေး ဝင်းခနဲဖြစ်သွားပြီး ကားဆီအပြေးလာပြီး ကားတံခါးဖွင့်ပေးတယ်။

"ရှိန်း ပြန်လာပြီ. . . တိုရီက ရှိန်းကိုမျှော်နေတာ"

"ကိုကို့ကို ဘာလို့မျှော် နေတုန်း ပြောပါဦး"

"တိုရီ အပြင်မှာ ညစာစားချင်တယ်။ မမကြည်ဖြူကလည်း ကိုကိုလိုက်ပို့ ရင် စားကြမယ်တဲ့. . . လိုက်ပို့နော် ရှိန်း"

သူ့အကျီလက်စကိုဆွဲရင်း ပူဆာနေတဲ့ တိုရီပုံစံကြောင့် သူ ဟက်ခနဲရယ် လိုက်ပြီး-

"ညည်းတို့သွားချင်မှတော့ လိုက်ပို့ရမှာပေါ့။ ခဏတော့ စောင့်ကြဦး၊ ကိုကို ရေချိုးချင်သေးတယ်"

သူ့စကားကြောင့် တိုရီက ခပ်သွက်သွက်လေး ခေါင်းညိတ်ရင်း-

"ဟုတ်ကဲ့ ရှိန်း. . . တိုရီတို့လည်း အဝတ်အစားသွားလဲထားလိုက်မယ်နော်"

ကြည်ဖြူကတော့ သူတို့မောင်နှမနှစ်ယောက်ကိုကြည့်ရင်း ခေါင်းတညိတ် ညိတ်နဲ့ ရယ်နေလေရဲ့။ ဒီလိုနဲ့ သူ မြန်မြန်သွက်သွက်ရေချိုးပြီး ပေါ့ပေါ့ပါးပါးဖြစ် အောင် T-shirt တစ်ထည်နဲ့ short pant ဝတ်ပြီး ထွက်လာတော့ တိုရီက-

"ရှိန်းက ဒါမျိုးဝတ်တော့ ငယ်ငယ်လေးလိုဖြစ်သွားတယ်။ အမြဲ ပုဆိုးနဲ့ အကျီအဖြူပဲ ဝတ်နေတာက အဖိုးကြီးနဲ့တူတယ်"ဆိုပြီး အရွှန်းဖောက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကိုကို့ပြောနေ. . . တိုရီကရော ဘယ်နှနှစ်သမီးတုန်းက အင်္ကျီတွေ ကောက်စွပ်လာသတုန်း"

တိုရီဝတ်ထားတာက အသားရောင်ဂါဝန် အတိုလေးဆိုတော့ ပုံစံက ကလေးမက လူကြီးမကျ။ မြန်မာမှုကို ထိန်းသိမ်းလွန်းတဲ့ မေမေ့ပျိုးထောင်မှုအောက်မှာ ကြီးပြင်းလာတဲ့သူက ညီမဖြစ်သူ အတိုတွေဝတ်တာ သိပ်ကြည့်မဖြစ်ပေမယ့်လည်း သူမလေး ကြီးပြင်းလာတဲ့ ယဉ်ကျေးမှုကြောင့် ဘာမှတော့ မပြောဖြစ်ပေ။

သူတို့နှစ်ယောက် အရွှန်းဖောက်နေကြတုန်း အခန်းထဲကနေ ကြည်ဖြူ ထွက်လာတော့ တိုရီက မျက်လုံးဝိုင်းလေးတွေနဲ့ကြည့်ပြီး ဝိုးခနဲ-

"မမကြည်ဖြူက လှလိုက်တာ။ တိုရီလည်း အဲလိုလေးတွေ ဝတ်ချင်တယ်။ တိုရီ့မှာ အဲလိုမြန်မာအင်္ကျီတွေ မရှိသေးဘူး"

မရမ်းစေ့ရောင် အပွင့်နုပ်နုပ်အဆင် ဝမ်းဆက်လေးဝတ်ထားတဲ့ ကြည်ဖြူ့ ပုံစံက သူ့မျက်စိထဲ ယဉ်စစနဲ့ ကျက်သရေရှိတာအမှန်၊ တိုရီ့စကားကြောင့် ကြည်ဖြူက ပြုံးရင်း-

"တိုရီ့ကိုကို ကပ်စေးနဲကြီးကို ဝယ်ခိုင်း. . . သူက ပိုက်ဆံသာရှာနေတာ သုံးစရာနေရာမရှိဘူး။ ကူသုံးပေးလိုက် ညီမလေး"

ကြည်ဖြူ့စကားအဆုံး သူက မျက်မှောင်ကြုတ်ရင်း. . .

"ငါ သုံးစရာနေရာမရှိဘူးလို့ နင့်ဘယ်သူပြောလဲ။ ငါ မိန်းမယူဖို့ ပိုက်ဆံစုနေတာ။ အပိုတွေ အကုန်မခံနိုင်ဘူး"

ရုပ်တည်ကြီးနဲ့ပြောပြီး သူ ရှေ့ကထွက်လာတော့ ကြည်ဖြူက-

"ကောင်စုတ်"ဆိုပြီး ခပ်တိုးတိုးပြောရင်း နောက်ကလိုက်လာတယ်။ တိုရီကတော့ သူတို့နှစ်ယောက်လက်ကို တစ်ဖက်စီချိတ်ရင်း ခေါင်းလေးမော့ပြီး ရယ်နေလေရဲ့။ ဒီလိုဆိုတော့လည်း သူတို့မှာ ရင်မောစရာကိစ္စဆိုတာ မရှိခဲ့သလို။

ညစာစားပြီး အပြန်လမ်းမှာ ကန်ဘောင်လမ်းဘေး ကားခဏရပ်ပြီး သုံးယောက်သား လမ်းဆင်းလျှောက်ကြတယ်။ တိုရီက သူမ သိချင်တာတွေ တစ်ခုပြီး တစ်ခုမေးရင်း ကြက်တူရွေးလို စကားတွေပေါ်နေသူ။ စကားပြောကြရင်း ကြည်ဖြူ က တိုရီ့အသုံးအနှုန်း အမှားတချို့ကို အမှန်ပြောပြရင်းက-

"တိုရီ. . . ညီမလေး. . . ရှိန်းကို ကိုကိုလို့ခေါ်လေ။ ရှိန်းက တိုရီ့ထက် အကြီးဆိုတော့ ရွယ်တူလို မသုံးနှုန်းရဘူး ညီမလေးရဲ့"

ကြည်ဖြူ့စကားကြောင့် တိုရီက မျက်လုံးထောင့်ကပ်ပြီး နှုတ်ခမ်းဆူရင်း

mgyoe.com

mgyoe.com SAMPLE BOOK

"တိုရီ မခေါ်ချင်ဘူး"

တိုရီ့အပြောကြောင့် သူ စိတ်ထဲ တစ်မျိုးဖြစ်သွားတယ်။ ဒီကောင်မလေး နေ့ခင်းကတောင် ကိုကိုတွေ၊ ညီမလေးတွေနဲ့ ဟုတ်နေပြီး အခုကျ ဘာကိစ္စ ငါ့ကို ကိုကိုမခေါ်ချင်ဘူး ဖြစ်ရပြန်တာလဲပေါ့။

"ဘာလို့လဲ ညီမလေးရဲ့. . . မမကိုတောင် မမကြည်ဖြူလို့ခေါ်ပြီးတော့"

တိုရီက မျက်နှာတစ်ဖက်လွှဲသွားရင်း စူပုပ်ပုပ်လေသံနဲ့-

"မမကြည်ဖြူက တိုရီ့ကို ညီမလေးလို့ခေါ်တယ်။ ရှိန်းက အဲလို မဟုတ်ဘူး။ သူ့ကိုယ်သူ ကိုကိုလို့ပြောပေမယ့် တိုရီ့ကို ညီမလေးလို့မခေါ်ဘူး။ တိုရီလို့ပဲ ခေါ်တယ်။ အဲဒါကြောင့် တိုရီက ကိုကိုလို့ မခေါ်ချင်ဘူး။ ပြီးတော့ တိုရီ့ကို ရှိန်းက ညီမလေးလို့ မသုံးမချင်း တိုရီကလည်း ရှိန်းကို ကိုကိုလို့မခေါ်ဘူးလို့ ဆုံးဖြတ်ထားတာ"

တိုရီ့အဖြေကြောင့် သူနဲ့ကြည်ဖြူ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရယ်ရင်း. . .

"ကိုကိုက ခေါ်လေ့ခေါ်ထမရှိတော့ ဒီအတိုင်း တိုရီလို့ခေါ်လိုက်တာပါကွာ။ ငါ့ညီမလေးက ကလေးစိတ်မကုန်သေးပဲကိုး။ ကိုကိုလည်း တိုရီ့ကို ညီမလေး ခေါ်မယ်။ တိုရီလည်း ကိုကို့ကို ရှိန်းလို့မခေါ်နဲ့တော့။ တကယ်တော့ ကိုကို့နားထဲ အဲလိုကြားရတာ ကန့်လန့်ကြီး။ ဒီကလေးမလေး နေ့ခင်းကတောင် ကိုကိုနဲ့ ညီမလေးနဲ့ ဟုတ်နေပြီးတော့"

သူ့စကားအဆုံးမှာ တိုရီက ဆတ်ခနဲလှည့်ကြည့်ရင်း-

"နေ့ခင်းက. . . တိုရီ အဲလိုမခေါ်ပါဘူး၊ တိုရီနိုးလာတော့ ကိုကိုအလုပ်မှာလေ။ တိုရီတို့ စကားတောင် မပြောဖြစ်ကြဘဲနဲ့"

တိုရီ့စကားကြောင့် သူ မျက်နှာပျက်သွားပြီး ကြည်ဖြူ့ကိုလှမ်းကြည့်လိုက်တော့ ကြည်ဖြူကလည်း သူ့အရိပ်အကဲကိုသိသလို မျက်လုံးအသာမှိတ်ပြရတယ်။ ပြီးတော့-

"တိုရီ. . . ညီမလေး နေ့ခင်းက သတိရလာတော့ ဘယ်မှာလဲမှတ်မိလား"

ကြည်ဖြူ့အမေးကို တိုရီက ခေါင်းအသာညိတ်ပြရင်း-

"မှတ်မိတယ် မမ. . . တိုရီနိုးလာတော့ တိုရီ့အခန်းထဲမှာလေ။ မမတောင် ဘေးမှာရှိနေသေးတာပဲ"

တစ်ခုခုတော့ လွဲနေတာကို သူတို့သိလိုက်တယ်။ တိုရီ သတိရလာတာက

mgyoe.com

mgyoe.com SAMPLE BOOK

အိမ်ကြီးပေါ်မှာပဲကို။ ကြည်ဖြူက ဘာမှမထူးခြားသလိုမျိုးနဲ့-

"တိုရီ ဘယ်လိုသတိမေ့သွားလဲဆိုတာရော မှတ်မိလား"

ဒီအမေးကိုလည်း တိုရီက မဆိုင်းမတွပဲ-

"အင်း. . . အိမ်ကြီးပေါ်မှာ တိုရီလျှောက်ကြည့်နေတုန်း အပေါ်ကနေ အမည်းရောင် ဘာကြီးလဲမသိဘူး ပြုတ်ကျလာတယ်။ တိုရီလည်း မထင်မှတ်ထားတော့ လန့်ပြီးလဲကျသွားတယ် ထင်တာပဲ။ ပြီးတော့ ဘာတွေဖြစ်လဲတော့ မမှတ်မိဘူး။ နိုးလာတော့ မမသိတဲ့အတိုင်း အခန်းထဲမှာရောက်နေတာလေ"လို့ ဖြေပြီး ရှေ့ကို ဆက်လျှောက်သွားတယ်။

သူကတော့ အတွေးထဲမှာ ရှုပ်စပြုလာတယ်။ အိမ်ကြီးပေါ်မှာ တိုရီက သူနဲ့စကားပြောခဲ့တာကို တကယ်မှတ်မိပုံမပေါ်ဘူး။ ပြီးတော့ အဲတုန်းက တိုရီ့အမူအယာတွေက တိုရီမဟုတ်သလို ထူးခြားနေတာကို သူ ကောင်းကောင်းသတိထားလိုက်မိတာမို့ စိတ်ထဲ ဟိုဟိုဒီဒီတွေ တွေးမိလာတယ်။ တိုရီ့အဖြေကြောင့် မျက်နှာပျက်သွားတဲ့သူ့ကို ကြည်ဖြူက လက်အသာလှမ်းဆွဲရင်း. . .

"အတွေးမများပါနဲ့၊ တိုရီက ကောင်းကောင်းမမှတ်မိတာလည်း ဖြစ် နိုင်ပါတယ်"

"အေး ငါလည်း ဖြစ်ခဲ့တဲ့ကိစ္စတွေကြောင့် ယုတ္တိမတန်တာတွေပဲ တွေးမိနေတယ်ဟာ။ နင် ပြောသလိုပဲ ဖြစ်လောက်မှာပါ"

သူ့စကားအဆုံးမှာ-

"ကိုကို အဘိုးကြီး. . . တိုရီ့ကိုလာဖမ်းလိုက်"ဆိုတဲ့ တိုရီ့အသံလွင်လွင်ထွက်လာတော့ သူ စိတ်ကြည်သွားပြီး-

"အေး ငါလာပြီကွ"လို့အော်ပြီး ပြေးလိုက်သွားလိုက်တယ်။ ကြည်ဖြူကတော့ မကြီးမငယ် စိန်ပြေးတမ်းဆော့နေကြတဲ့ သူတို့နှစ်ယောက်ကိုကြည့်ပြီး ရယ်မဆုံး။ ဒီနေ့အတွက် သူသိလိုက်တာတစ်ခုက "ငါ့ညီမလေးလည်း ငါ့ကိုချစ်တာပဲ" ဆိုတာ. . .။

*"မှုံရွှေရည်xxx ခိုင်မာလာနှင်းဆီxxx တောက်xxx ချီးxxx ချီးxxx ကြိုင်စွာသာသင်းကြည်xxx တောက်xxx ချီး"*

ပျံ့လွင့်လာတဲ့ သီချင်းသံသဲ့သဲ့ကြောင့် သူ ဆတ်ခနဲလန့်နိုးသွားတယ်။ ဒီသီချင်း ဒီပါးစပ်စည်းဝါးသံ သူမ. . . သူမ လာပြီ။ သူ ဝုန်းခနဲ ထထိုင်လိုက်တဲ့အချိန် နားထင်မှာ ချွေးတွေစို့နေတာ သတိထားမိလိုက်တယ်။ အခန်းတစ်ခန်းလုံး

mgyylae.com SAMPLE BOOK

အမှောင်ကျနေတော့ မီးပျက်နေပြီထင်တယ် ဆိုတဲ့အတွေးနဲ့အတူ Air-con မအေးတော့လို့ အနည်းငယ် အိုက်စပ်နေတာကိုပါ သတိထားမိလိုက်တယ်။

အမှောင်ထဲမှာ ကြည့်ရတာ ကျင့်သားရသွားတော့ ဖုန်းတင်ထားတဲ့နေရာဆီ လက်လှမ်းပြီး ဖုန်းယူလိုက်တဲ့အချိန် သူ့အခန်းပြတင်းပေါက်က ချပ်ခနဲပွင့်သွားပြီး "ကျွီ"ဆိုတဲ့ အသံဖြည်းဖြည်းလေးနဲ့အတူ တအိအိနဲ့ပွင့်သွားတယ်။ ပြတင်းပေါက်ပွင့်သွားတော့ သူ့မြင်ကွင်းထဲမှာ ပေါ်လာတာက မီးရောင်သေးသေးလေးတစ်ခု အလင်းရောင်က ခပ်သေးသေးဖြစ်တဲ့အပြင် သိပ်မငြိမ်ဘဲ လှုပ်ယမ်းယမ်းဖြစ်နေတော့ သူ့အထင် ဖယောင်းတိုင်မီးရောင်ဖြစ်မယ်လို့ ခန့်မှန်းမိလိုက်တယ်။

မီးရောင်က တစ်နေရာတည်းမှာ ရပ်နေတာမဟုတ်ဘဲ အပေါ်တက်လိုက်၊ အောက်ဆင်းလိုက် ဖြစ်နေတာမို့ ဘာများပါလိမ့်လို့ သေချာစူးစိုက်ကြည့်ရင်း အပြင်က အမှောင်ထုနဲ့ပါ မျက်စိကကျင့်သားရသွားတဲ့အခိုက် သူ တစ်စစ မြင်လာရတဲ့ပုံရိပ်က အမှောင်ထဲမှာ အနက်ရောင်ဝတ်စုံနဲ့ လေးတွဲ့သွဲ့ပြောင်းစွာ ကကြိုးသီနေတဲ့ သူမ။

*"တောက်xxx ချီးxxx တောက် ချီးxxx ချီး"*

စည်းဝါးချသံရဲ့နောက်မှာ သူ့ကို အပြင်ထွက်လာဖို့ ညှိုငင်တဲ့အားတစ်ခု ပါလာသလိုမျိုး၊ သူ အပြင်ထွက်ဖို့ ခုတင်ပေါ်ကနေ ဆင်းလာခဲ့တယ်။

တိုရီနဲ့ ကြည်ဖြူ မနိုးအောင် တံခါးကိုအသာဖွင့် ခြေသံဖော့ထွက်လာခဲ့ပြီး မီးရောင်မြင်နေရတဲ့ နေရာဆီကို ဖြည်းဖြည်းချင်း ချဉ်းကပ်လာခဲ့တယ်။ ပိန်းပိတ်အောင် မှောင်နေပေမယ့် သူရင်းနှီးတဲ့နေရာမလို့ ချောချောမွေ့မွေ့ပဲ အသံတိတ်လျှောက်လာရင်း မီးရောင်နဲ့ နီးလာတော့ မြင်ကွင်းက တစ်စစပီပြင်လာတယ်။ ဖယောင်းတိုင် ခပ်တိုတိုတစ်တိုင်ထွန်းထားတဲ့ ဆီမီးခွက်ကို ညာဘက်လက်ဖဝါးပေါ်တင်ရင်း မှုံရွှေရည်သီချင်းနဲ့ က,နေတဲ့ အနက်ရောင်အမျိုးသမီး သူ့ဘက်ကျောပေးရင်း အချိုးကျကျကနေတဲ့ သူမပုံစံက နှစ်လိုဖွယ်ကောင်းမနေဘဲ ကြက်သီးထခမန်းလိလိ။

မြန်မာအကကို မြန်မာ့ဟန်နဲ့ ကနေပေမယ့် သွက်လက်ပေါ့ပါးစွာမဟုတ်ဘဲ ဖြည်းလေးညင်းတွဲ့စွာနဲ့ တစ်ဆင့်ချင်းချိုးနေပုံက လက်တစ်ခါချိုးတိုင်း မေးတစ်ခါဆတ်တိုင်းမှာ သူ့ရင်ကလည်း ဒိန်းခနဲ ဒိန်းခနဲ။

သူ အသက်တောင်မရှူဝံ့ဘဲ အသံတိတ်ကြည့်နေတုန်းမှာပဲ သူမက ကကွက်တစ်နေရာမှာ အနေအထားမပျက် ရပ်တန့်သွားခဲ့တယ်။ သူမ ရပ်တန့်သွား

mgyylae.com

mgyoe.com

ချိန်မှာ သူလည်း အကြောတွေတောင့်ခနဲဖြစ်ပြီး ခြေတွေလက်တွေ အေးစက်သွားတယ်။ တုတ်တုတ်မှ မလှုပ်ရဲပေ။ အသက်အောင့်ထားပေမယ့်လည်း အသံထွက်သွားမှာ ကြောက်လွန်းလို့ ရင်တထိတ်ထိတ်နဲ့ ဖြစ်နေတုန်း-

"ဟီးဟီး. . . ဟီးဟီးဟီး. . . ဟီးဟီးဟီးဟီးဟီး"

သူမက ကကွက်မှာ ရပ်တန့်နေရင်းကနေ ပခုံးတွေလှုပ်နေအောင် ရယ်တယ်။ ပြီးတော့ ပြီးတော့. . . သူ့ကိုကျောပေးထားရာကနေ တဖြည်းဖြည်းချင်း လှည့်လာတယ်။ လှုပ်ရှားသွားတဲ့ ဆံပင်ကြေဖွာဖွာတွေ မီးရောင်ဝါဝါအောက်မှာ တောင် အဖြူလုအောင် ပြာနှမ်းနေတဲ့ ပါးပြင်နဲ့အတူ မည်းနက်နေတဲ့သွေးကြောရာတွေ၊ ရယ်နေတဲ့ မဲပုပ်ပုပ်နှုတ်ခမ်းအောက်က ဝါညစ်ညစ် ညှိတိုတိုသွားတွေ သူမမျက်နှာတစ်ခြမ်းလောက်ပဲ မြင်နေရတာနဲ့တင် သူ ထွက်လာမိတာကို နောင်တရလုလု ဖြစ်နေပြီ။

ပြီးတော့. . . မျက်ဆံပါတယ်ဆိုရုံမျှပါတဲ့ မျက်လုံးတစ်ဖက်က သူရှိတဲ့နေရာဆီ တဖြည်းဖြည်းရွေ့လာပြီး သူ့ဆီအကြည့်အရောက်မှာပဲ ရှုံ့နေအောင် ရယ်မောနေတဲ့မျက်နှာက ရုတ်ချည်းဆိုသလို တည်သွားပြီး-

"တောက်"

တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်လေတယ်။ သူမ တက်ခေါက်သံကြောင့် သူ တုန်ခနဲဖြစ်ပြီး မအော်မိအောင် မနည်းထိန်းလိုက်ရတယ်။ သူမကတော့ ဆတ်ခနဲ ပြန်လှည့်သွားပြီး-

*"တောက်xxx ချီးxxx တောက်xxx ချီးxxx ချီး"*

စည်းဝါးချရင်း ကကွက်ကို ဆက်အသက်သွင်းကာ ရှေ့တူရှုကို ဖြည်းဖြည်းချင်း သွားလေပြီ။ သူမ ခြေတစ်လှမ်း လှမ်းတိုင်းမှာ သူကလည်း ကိုယ့်လှုပ်ရှားမှုကို သိတောင်မသိလိုက်ဘဲ ခြေတစ်လှမ်းလှမ်းပြီးသား ဖြစ်နေလေတယ်။

ညဥ့်သန်းခေါင်ရဲ့ အမှောင်အောက်မှာ ဆီမီးခွက်တစ်ခွက်ကိုင်ရင်း ဆိုလိုက်,ကလိုက်လုပ်နေတဲ့ နာနာဘာဝတစ်ကောင်။ ပြီးတော့ အဲဒီလိပ်ပြာလွင့်မတတ်ကြောက်နေပေမယ့် အဲဒီနာနာဘာဝနောက်ကို လိုက်မိနေတဲ့သူ။

သူ တဖြည်းဖြည်းချင်း သူမအနောက်ကို လိုက်လာလိုက်တာ အိမ်ကြီးကိုကျော်ပြီး ခြံအနောက်ဘက် ပန်းရုံတွေနားထိ ရောက်လာခဲ့တယ်။ အဲဒီနားက နှင်းဆီရိုင်းတွေ ခြုံထနေအောင် ပေါက်တဲ့နေရာဖြစ်ပြီး ပန်းတွေက ဘယ်သူမှမခူးလို့ ညှိုးခြောက်ပြီး ကြွေနေတာ အပုံအပင်။ ပန်းခြုံနား မရောက်ခင်မှာပဲ ဆီမီးရောင်

mgyoe.com

mgyoe.com SAMPLE BOOK

ပျောက်သွားပြီး သူမ ပုံရိပ်နဲ့ အသံပါ ပျောက်ဆုံးတိတ်ဆိတ်သွားတယ်။ တိတ်ဆိတ်နေတဲ့ ညဥ့်အမှောင်ထဲမှာ ကိုယ့်အသက်ရှူသံ ကိုယ်ပြန်ကြားရတာတောင် ချောက်ချားဖွယ်ဖြစ်နေသည်။ ရုတ်တရက်ဖြစ်သွားတဲ့ အခြေအနေမှာ သူ ဘာလုပ်ရမှန်းမသိဖြစ်နေတုန်း သူ့လက်ကို အချွန်တစ်ခုနဲ့ ဆွဲခြစ်ခံလိုက်ရသလို ဖျင်းခနဲ နာကျင်မှုကို ခံစားလိုက်ရတယ်။ နာကျင်မှုကြောင့် သူ ထိတ်လန့်သွားတုန်းမှာပဲ နောက်လက်တစ်ဖက်၊ လည်ပင်း၊ မျက်နှာ တစ်ချက်ပြီးတစ်ချက် ဆက်တိုက်ဆိုသလို ကျရောက်လာတဲ့ ကုတ်ခြစ်ရာတွေ သူ အားခနဲ. . . အားခနဲဖြစ်ပြီး အထိတ်ထိတ်အလန့်လန့်နဲ့ အိတ်ကပ်ထဲက ဖုန်းကိုထုတ်ပြီး Flash light ဖွင့်ဖို့ ကြိုးစားပေမယ့် လက်တွေက ကတုန်ကယင်ဖြစ်နေတာမို့ တော်တော်နဲ့ လိုရင်းမရောက်နိုင်။ သူကိုယ့်ကိုယ်ကိုယ် စိတ်တိုလာပြီး-

"ဟာကွာ"လို့ တစ်ချက်အော်လိုက်ပြီး စိတ်ကိုတတ်နိုင်သမျှ ငြိမ်အောင် ကြိုးစားပြီးနှိပ်လိုက်တော့ နောက်ဆုံး မီးပွင့်သွားတယ်။ မီးပွင့်တာနဲ့ သူ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်သွားရတယ်။ အကြောင်းအရင်းက ခေါင်းငုံ့ထားတဲ့ သူ့အနေအထားကြောင့် မီးရောင်အောက်မှာ စမြင်လိုက်ရတာက အနက်ရောင်မင်းသမီးထဘီအောက်က ပြာနှမ်းပြီး သွေးကြောမည်းမည်းတွေ ပြိုင်းပြိုင်းထနေတဲ့ ခြေထောက်တစ်စုံ၊ ရုတ်တရက်မို့ ခဏငြိမ်သွားပြီး သတိဝင်တဲ့အချိန်မှာ နောက်တစ်လှမ်းဆုတ်ပြီး ခေါင်းအမော့ အေးစက်မာကျောနေတဲ့ အကြည့်နဲ့အတူ ခက်ထန်လှတဲ့ မျက်နှာထားနဲ့ သွေးပျက်ဖွယ်မျက်နှာတစ်ခုက လှစ်ခနဲ သူ့ဆီတိုးကပ်လာပြီး သူ့ခန္ဓာကိုယ်ထဲကို ဖောက်ထွင်းဝင်ရောက်သွားတဲ့အချိန် မျက်လုံးစုံမှိတ်ချလိုက်တဲ့နောက်. . . သူခံစားလိုက်ရတာက အမြင့်ကြီးပေါ်က ပြုတ်ကျသလို အေးခနဲဖြစ်ပြီး အသက်ရှူမဝတဲ့ ခံစားချက်။

ပြီးတော့. . . ခပ်သဲ့သဲ့ကြားလိုက်ရတဲ့ အသံတစ်ခုက "ငါ့. . . ကို"နောက်ပိုင်းကြားရတဲ့ အသံတွေကို သူ့နားထဲ ဘာမှမသဲကွဲတော့။ စက္ကန့်ပိုင်းလောက် စိတ်နဲ့ခန္ဓာ ကွဲထွက်သွား ခံစားလိုက်ရပြီး အသိပြန်ကပ်တဲ့အချိန် တင်းကြပ်နေအောင်ပိတ်ထားမိတဲ့ မျက်လုံးတွေကို ဖြည်းဖြည်းချင်း ဖွင့်အကြည့်မှာတော့. . .

"ဟင်"

ခုနက အနေအထားနဲ့ ဘာမှမဆိုင်လောက်အောင် လင်းထိန်သာယာနေတဲ့ မြင်ကွင်းတစ်ခု ဘာဖြစ်သွားမှန်း သတိမထားမိလောက်အောင် မြင်ကွင်းက ဆွဲငင်ထားနိုင်ခဲ့တယ်။

mgyoe.com

mgyoe.com

မိုးရွာပြီးခါစ ရာသီဥတုမျိုးမှာ နေရောင်ခြည်လဲ့လဲ့လေးနဲ့ ပတ်ဝန်းကျင်က စိုပြည်ဝင်းဖန့်နေတယ်။ အဲလိုပတ်ဝန်းကျင်နဲ့ လိုက်ဖက်စွာ လှုပ်ရှားနေခဲ့တဲ့ပုံရိပ်လေးက အိမ်ကြီးရှေ့က တောစံပယ်ရုံထဲမှာ ဖက်ဖူးစိမ်းရောင် အကွက်ဝမ်းဆက်ဝတ်ထားပြီး ကျောပေးလျက်အနေအထားနဲ့ စံပယ်ပန်းတွေခူးနေတဲ့ ဆံပင်ရှည်မိန်းကလေး၊ သူ ကြည့်နေတုန်းမှာပဲ နက်မှောင်ထူထဲတဲ့ဆံပင်တွေ မထိတထိလေးခါပြီး သူ့ဘက်ကိုလှည့်လာတဲ့ မျက်နှာတစ်ခုကို မြင်လိုက်ရတော့ သူ့စိတ်ထဲ လွတ်ခနဲ ပြောလိုက်မိတာက-

"လှလိုက်တာ"

ပါးချိုင့်နှစ်ဖက်ကို ခွက်နေအောင်ပြုံးရင်း လက်ထဲကပန်းတွေကို အပျော်မျက်လုံးတွေနဲ့ကြည့်နေတဲ့ မိန်းကလေး၊ ဒီမိန်းကလေးကိုမြင်ဖူးတာ ဒါပထမဆုံးမဟုတ်. . . အရင်တစ်ခါ အိပ်မက်ထဲမှာ ဆိုင်းသံဗုံသံတွေကြား က,နေတဲ့မိန်းကလေး၊ ဒီမိန်းကလေးဟာ အနက်ရောင်အမျိုးသမီးရဲ့ ဖြစ်တည်မှုတစ်စိတ်တစ်ပိုင်းဆိုတာ သိပေမယ့် သူ ပစ္စုပ္ပန်မှာမျောရင်း မေ့ဖျောက်ထားလိုက်မိတယ်။ ပန်းတွေကိုင်ရင်း ကြည်ကြည်စင်စင် အပြုံးနဲ့အတူ-

"ဘုရားပန်း တင်ရမယ်"

သူ့ဘေးနားက ဖြတ်သွားပေမယ့် သူ့ကိုမြင်ဟန်မတူ ကျော်သွားပြီး အနောက်ကိုဆက်သွားတော့ သူမ သွားတဲ့ဘက်ကို သူ လိုက်ကြည့်မိလိုက်တယ်။ သူမ ဦးတည်နေတာက ရေတွင်းဆီကို။ ဒါပေမဲ့ လက်ရှိခြံထဲမှာက ဘာရေတွင်းမှမရှိ သေချာကြည့်မှ ရေတွင်းနေရာက ခုန နှင်းဆီရိုင်းခြုံရှိနေတဲ့နေရာမှာ ဖြစ်နေတာ သတိထားမိလိုက်တယ်။

သူမက ရေတွင်းထဲကရေငင်ပြီး ပန်းတွေကို ရေဆေး၊ ပန်းကန်ပြားလေး တစ်ခုထဲထည့်ပြီး အိမ်ကြီးဘက်ပြန်သွားတယ်။ သူမလှေကားပေါ် တက်ဖို့ ပြင်နေတုန်းမှာပဲ "ဝတ်မှုန်"ခေါ်သံကြောင့် သူမ မျက်နှာလေးဝင်းသွားပြီး လှည့်ကြည့်တော့ သူမကြည့်ရာဆီ သူ လိုက်ကြည့်မိလိုက်တယ်။ သူမနဲ့ မတိမ်းမယိမ်းလောက်ရှိမယ့် ကောင်လေးတစ်ယောက် ဖြူဖြူချောချော ပါးပါးလျားလျားနဲ့ ယောကျ်ားတန်မဲ့ လူပုံချောလွန်းတဲ့ အမျိုးသားက စက်ဘီးတစ်စီးကို တွန်းလာလေတယ်။

"နောင်နောင်. . . ခဏနော်. . . ငါ မေမေ့ဆီ ပန်းသွားပေးလိုက်ဦးမယ်"

သူမက ပြောပြောဆိုဆိုနဲ့ လှေကားပေါ် ပြေးတက်သွားပြီး ခဏနေတော့ ခပ်သွက်သွက်လေး ပြန်ဆင်းလာတယ်။ နှစ်ယောက်သား ရယ်ရယ်မောမော ပြော

mgyoe.com

mgyoe.com
SAMPLE BOOK

ဆိုနေကြပြီး တစ်အောင့်လောက်နေတော့ သူမက-

"မေမေရေ. . . သမီး နောင်နောင်နဲ့ ဈေးဘက် သွားကြည့်ဦးမယ်နော်"

အိမ်ကြီးပေါ်က ထွက်လာတဲ့အသံက-

"အေး သမီး. . . နေ့လယ်စာ အမီပြန်လာဦးနော်"

"ဟုတ်ကဲ့ မေမေရဲ့"

သူမ တက်ကြွမြူးထူးစွာနဲ့ စက်ဘီးနောက်ခုံမှာ တက်ထိုင်လိုက်တုန်းမှာပဲ ခြံထဲကို ကားတစ်စီးဝင်လာတယ်။ ကားကိုမြင်လိုက်တဲ့အချိန်မှာ သူမမျက်နှာက ရယ်မြူးရိပ်တွေ ပျောက်သွားပြီး ချက်ချင်းတည်သွားလေသည်။

စက်ဘီးပေါ်ကနေ ပြန်ဆင်းလိုက်ပြီး နောင်နောင်ဆိုတဲ့ကောင်လေးကို တစ်ခုခုပြောလိုက်တော့ ကောင်လေးက မကျေမနပ်ပုံစံနဲ့ စက်ဘီးတွန်းထွက်သွားတယ်။ သူမကတော့ သူ့ဘက်ကျောပေးလျက် အနေအထားနဲ့ ခပ်တောင့်တောင့်လေး ရပ်နေတယ်။ ကားဝင်လာမှ ပြောင်းလဲသွားတဲ့ အခြေအနေတွေကြောင့် သူ ကားဆီ လှမ်းကြည့်မယ်အလုပ် သူမက ဖျတ်ခနဲဆို သူရှိရာကို လှမ်းကြည့်တဲ့အချိန်-

"ဟာ"

မျက်နှာတစ်ဖက်က သွေးချင်းနီနီရဲရဲလျက်သားနဲ့ ခုနကနဲ့ ဘာမှမဆိုင်အောင် ရုပ်ပျက်သွားတဲ့ မျက်နှာတစ်ခု။

"မုန်း. . . တယ်"

သူမဆီက အာခေါင်ခြစ်အော်သံနဲ့အတူ သူ့ဆီကိုပြေးလာပြီး သူ့လည်ပင်းကို ညစ်ထားလေတယ်။ သူ 'အား'ခနဲ တစ်ချက်သာအော်လိုက်နိုင်ပြီး သန်မာလှတဲ့ လက်တွေကြားမှာ အသက်ရှုကျပ်လာပြီး အမြင်အာရုံတွေ ပြာနှမ်းဝေဝါးလာတယ်။ တဖြည်းဖြည်းနဲ့ အမှောင်ထုထဲ နစ်မြုပ်သွားသလို ခံစားနေရတဲ့အခိုက် သူ့နားထဲ ဝင်လာတဲ့အသံက-

"ရှိန်း. . . ရှိန်း. . . သတိထားပါဦး ရှိန်း"

"ကိုကို. . . ကိုကို"

ကြည်ဖြူ. . .

ပြီးတော့. . . တိုရီ့အသံ အသက်ရှုကျပ်သလို ခံစားချက်ကြီး တဖြည်းဖြည်း ပျောက်သွားပြီး ရှိသမျှအားနဲ့ မျက်လုံးဖွင့်ကြည့်တော့ သူ့ကို စိုးရိမ်တကြီး ငုံ့ကြည့်နေကြတဲ့ မျက်နှာလေးခု၊ ကြည့်နေရင်းက သူ့မျက်ခွံတွေ ပြန်လေးလာပြီး အရာအားလုံးက အမှောင်အတိ တဖန်ဖြစ်သွားလေတယ်။

□

mgyoe.com

mgyoe.com SAMPLE BOOK

သူ နိုးလာတော့ ဘေးမှာ ကြည်ဖြူ့ကိုတွေ့ရတယ်။ ကြည်ဖြူက စာအုပ်တစ်အုပ်ကို ဖတ်နေတာမလို့ သူ နိုးတာကိုမသိသေး။ သူ ထထိုင်ဖို့အလုပ် ခန္ဓာကိုယ်တစ်ခုလုံး ထုံကျင်ပြီးကိုက်ခဲနေတာမို့-

"အား. . . ကျွတ်. . . ကျွတ်"

သူ့ညည်းသံကြောင့် ကြည်ဖြူက သူ့ဘက်လှည့်လာပြီး-

"ရှိန်း. . . နိုးပြီလား၊ နင်ဘယ်လိုနေလဲ သက်သာရဲ့လား"

သူ ကြည်ဖြူ့ အမေးတွေကို မဖြေနိုင်သေးဘဲ-

"ငါ ဘယ်လိုပြန်ရောက်နေတာလဲ. . . ငါ ဘာဖြစ်သွားတာလဲ"

"မနက်အစော ၄ နာရီကျော်ကျော်လောက် ငါ အိမ်သာထသွားတော့ နင့် အခန်းတံခါး ပွင့်နေတာနဲ့ ငါ အထဲကိုလှမ်းကြည့်တော့ နင် မရှိဘူး။ အိမ်သာထဲမှာလည်းမရှိ ကားလည်းရှိနေတယ်ဆိုတော့ ငါ့စိတ်ထဲလေးသွားတာနဲ့ ကိုဖိုးမောင်တို့ကို နှိုးပြီး ခြံထဲလိုက်ရှာတာ။ နင့်ကို အိမ်ကြီးနောက်မှ လဲကျပြီး သတိလစ်နေတာတွေ့တာပဲ။ နင့်တစ်ကိုယ်လုံးလည်း ခြစ်ရာပွဲရာတွေနဲ့ သွေးတွေပွနေတော့ ငါတို့အရမ်းလန့်သွားတာ။ နင် ဘာတွေဖြစ်ခဲ့တာလဲ ရှိန်း. . . ငါ နင့်ကို စိတ်ပူလို့သေတော့မယ် နင် သိလား"

ကြည်ဖြူတစ်ယောက် ထိန်းထားတဲ့ကြားက အသံတွေတုန်လာပြီး မျက်ရည်တွေ ဝဲလာတယ်။ ဘေးမှာ ရှိုရှိုလေးထိုင်ပြီး ကျလုဆဲဆဲ မျက်ရည်တွေကိုထိန်းရင်း သူ့ကိုကြည့်နေတဲ့ သူ့မိန်းကလေးကို အသာအယာဆွဲဖက်ရင်း. . .

"မငိုပါနဲ့ ကြည်ဖြူရယ်. . . နင် စိတ်ပူရအောင် လုပ်မိတာ တောင်းပန်ပါတယ်။ ငါ နင်နဲ့မယူရသေးဘဲ ဘာမှမဖြစ်ပါဘူးဟာ"

သူ့စကားကြောင့် ကြည်ဖြူက သူ့ဗိုက်ကို ခပ်ဖွဖွဆွဲလိမ်ရင်း. . .

"ဒီလိုဖြစ်နေ တာတောင် နင်က နောက်နိုင်သေးတယ်နော်"

"ဖြည်းဖြည်းဟ. . . ငါ့တစ်ကိုယ်လုံး ထုံကျင်နေတာ"

"Sorry...sorry ဦးဖွပါဟယ်"

သူ ကြည်ဖြူ့ပါးကိုနမ်းဖို့ မျက်နှာနားအကပ်

"အဟမ်း. . . အဟမ်း"

ချောင်းဟန့်သံကြောင့် လူချင်းခွာသွားပြီး တံခါးပေါက်ဆီလှမ်းကြည့်တော့ သူတို့နှစ်ယောက်ကို ပြုံးစိစိနဲ့ကြည့်နေတဲ့ တိုရီ။

"ကိုကိုနော်. . . ဟွန်းဟွန်း"

mgyoe.com

mgyoe.com SAMPLE BOOK

သူ ရှက်ကိုးရှက်ကန်းနဲ့ "ဟီး"ခနဲ ပြုံးပြတော့ တိုရီက လက်ညှိုးလေး တဆတ်ဆတ်နဲ့ ပြန်လှည့်ထွက်သွားတယ်။ ကြည်ဖြူကတော့ မျက်နှာလေးကိုရဲလို့။ ဒီတစ်ခါတော့ ဒီမိန်းကလေးရဲ့ပါးပြင်ကို သူ အလွဲမခံတော့ဘဲ. . .

❑

ညနေ. . . သူလည်း အိမ်ထဲနေရတာ စိတ်ထဲငြီးစီစီဖြစ်တဲ့အပြင် ကိုက်တာခဲတာ အတော်အသင့်သက်သာတာနဲ့ ကြည်ဖြူနဲ့သူ အိမ်ရှေ့က လမ်းသွယ်လေးမှာ လမ်းလျှောက်ထွက်ခဲ့တယ်။

တိုရီ အိမ်မှာ ကျန်နေခဲ့တာမို့ ကိုဖိုးမောင်နဲ့ မလှရီကို 'တိုရီ အိမ်ကြီးဘက်မသွားအောင် ဂရုစိုက်ဖို့၊ တကယ်လို့သွားခဲ့ရင်တောင် တစ်ယောက်တည်းမသွားခိုင်းဘဲ အဖော်လိုက်သွားပေးဖို့ အတန်တန်မှာခဲ့ရသေးတာ။ မေမေဖုန်းဆက်လာရင်လည်း သူနဲ့တိုရီ ဒီလိုတွေဖြစ်ထားတာ မပြောဖို့လည်း သေချာပြောထားရသေးတယ်။ မေမေသာသိရင် ဒီအိမ်ကနေ ချက်ချင်းထွက်လာခိုင်းမှာ မလွဲမသွေပင်။ သူလည်း ဘာကြောင့် ဒီလိုတွေ စိတ်ပင်ပန်းခံနေမှန်း ကိုယ့်ကိုယ်ကိုယ်လည်းမသိတော့တာလည်း အမှန်။

အိမ်ကြီးထဲမှာ ကပ်ငြိနေတဲ့ အနက်ရောင်အမျိုးသမီးကို ကြောက်လည်းကြောက်၊ မကျွတ်မလွတ်ဘဝနဲ့ ဒုက္ခခံနေရတာကို သနားလည်းသနားဖြစ်နေတာကြောင့်လည်းပါတယ် ပြောရမယ်။

အန္တီ အမျိုးသမီးနဲ့ ဒီအိမ်ကြီး ဘာတွေများဖြစ်ခဲ့လို့ ဒီလိုဘဝဆိုးကြီးနဲ့ ပိတ်မှောင်နေခဲ့ရပါလိမ့်။ သူမ ကပ်ငြိနေတဲ့အစွဲက ချစ်ခြင်းတရားကြောင့်မဟုတ်ဘဲ အမုန်းတရားနဲ့ အာဃာတကြောင့်ဆိုတာတော့ သေချာတယ်။ သူ အတွေးပေါင်းစုံနဲ့ နှုတ်ဆိတ်ရင်း လမ်းလျှောက်လာခဲ့တော့ ကြည်ဖြူက-

"ရှိန်း. . . ညက နင်ဘာဖြစ်ခဲ့လဲဆိုတာ နင် ငါ့ကို အခုထိမပြောသေးဘူးနော်"

သူ သက်ပြင်းအသာချပြီး-

"အမှန်ပြောရရင် ငါ ဘာမှမမှတ်မိဘူး ကြည်ဖြူ။ Sleepwalking လား ဘာလားတော့ မသိပေမယ့် အိပ်မက်လိုပဲ ငါဘာမှမမှတ်မိဘူး"

သူ စိတ်မကောင်းစွာနဲ့ပဲ ကြည်ဖြူ့ကို ညာလိုက်ရတယ်။ ကြည်ဖြူနဲ့တိုရီ အရမ်းစိတ်မပူရအောင် ညာရတာမို့ သူ မတတ်နိုင်။

"ဘယ်လိုကိစ္စမျိုးပဲဖြစ်ဖြစ် ငါနင့်အတွက် အမြဲရှိတယ်ဆိုတာ မမေ့နဲ့နော်

mgyoe.com

mgyoe.com SAMPLE BOOK

ရှိန်း"

သူ့အရိပ်အကဲကို သိလွန်းတဲ့ သူ့မိန်းကလေးကို အသာခေါင်းညိတ်ပြရင်း လက်ကလေးအသာကိုင်ပြီး လမ်းဆက်လျှောက်လာခဲ့တယ်။ လှလွန်းတဲ့ ညနေဆည်းဆာအောက်မှာ ကိုယ့်ချစ်သူနဲ့ အတူရှိနေရတဲ့အတွက် ခံစားချက်က လေပြည်တွေလို လွတ်လပ်ပေ့ါပါးနေခဲ့ပေမယ့် မုန်တိုင်းမလာခင် ချွေးသိပ်ပေးတဲ့ လေပြည်ဆိုတာ သူ မသိခဲ့တဲ့အတွက်. . .

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၆)

နှစ်ပတ်လောက်အကြာမှာ သူ့အလုပ်ကလည်း (Pendamic ကြောင့်) work from home ဖြစ်သွားတော့ သူ့အတွက်ကတော့ အကောင်းဘက်က ဖြစ်သွားတယ်ပဲ ပြောရမှာပေါ့။

ကြည်ဖြူ့အလုပ်ကလည်း ယာယီပိတ်ထားတော့ ကြည်ဖြူလည်း မပြန်သေးတာမို့ သူ့မိန်းကလေးနဲ့လည်း အချိန်ပြည့်တွေ့ရပြီး သူ့ညီမလေးနဲ့လည်း တစ်ချိန်လုံး အတူရှိနေရမှတော့ တကယ်တန်ဖိုးရှိတဲ့ အချိန်လေးဖြစ်လာမှာမို့ သူ့စိတ်ထဲ ကျေနပ်နေမိတာ အမှန်။ သုံးယောက်သား ကိုဖိုးမောင်တို့လင်မယား ချက်ကျွေးတာတွေ စားလိုက်၊ ကြည်ဖြူ့လက်ရာ မုန့်မျိုးစုံကို တစ်နေ့တစ်မျိုးမရိုးရအောင် စားလိုက်၊ သူအလုပ်လုပ်ချိန်ဆို ကြည်ဖြူနဲ့ တိုရီက တီဗီကြည့်လိုက်၊ ဂိမ်းတွေဆော့လိုက်နဲ့ အားလပ်ရက်ရဲ့အရသာကို အပြည့်အဝခံစားနေကြတယ်။ အဲလိုနဲ့ တစ်ပတ်ကျော်ကျော်လောက်နေတော့ တစ်ညနေ သူနဲ့ ကိုဖိုးမောင်က ခြံရှေ့မျက်နှာစာက မြက်ပင်တွေရှင်းနေတဲ့အချိန် ကြည်ဖြူတို့သုံးယောက်က မီးဖိုထဲမှာ korea ထမင်းလိပ်လုပ်စားဖို့ ပြင်ဆင်နေကြတယ်။

"တိုရီရေ. . . ညီမလေးကိုကိုကို လုပ်လက်စ မြန်မြန်လက်စသတ်ပြီး ရေချိုးဖို့သွားပြောလိုက်ဦး ညီမလေး၊ မှောင်စပြုနေပြီ၊ အရမ်းနောက်ကျရင် မကောင်းဘူး"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟုတ်ကဲ့. . . မမ"

တိုရီက ရှေ့ကိုပြေးထွက်သွားပြီး-

"ကိုကို. . . မမကြည်ဖြူက ကိုကိုတို့ မြန်မြန်လက်စသတ်ပြီး ရေချိုးတော့တဲ့"

"အင်း. . . တို. . . အဲ. . . ညီမလေး. . . ကိုကိုတို့လည်း ရှင်းလို့ပြီးတော့မှာ"

နှုတ်မကျိုးတဲ့ အသုံးအနှုန်းကြောင့် နည်းနည်းသတိထားနေရတာမို့ မှားဖြစ်အောင် မှားသွားသေးသည်။ သူ့စကားကြောင့် တိုရီက မျက်လုံးတစ်ချက်စွေကြည့်ပြီး လက်ညှိုးလေးတဆဆနဲ့ "သတိထားနော်"ဆိုတဲ့ ပုံစံမျိုးလုပ်ပြီး အထဲပြန်ဝင်သွားတယ်။ သူ သဘောတကျပြုံးရင်း ရိတ်ထားတဲ့မြက်တွေကို တောင်းထဲထည့်ပြီး လက်စသတ်ဖို့ ပြင်လိုက်သည်။ အဲဒီအချိန်မှာ အထဲပြန်ဝင်သွားတဲ့ တိုရီက အိမ်လေးထဲတန်းမဝင်ဘဲ အိမ်ကြီးဘက်ကို လှမ်းအကြည့် မီးရောင်လဲ့လဲ့တစ်ခုကို မြင်လိုက်ပြီး-

"မမ ကြည်ဖြူများလား"ဆိုပြီး ခြေလှမ်းတွေကို အိမ်ကြီးဆီဦးတည်လိုက်တယ်။ အစ်ကိုဖြစ်သူက သူမ အိမ်ကြီးဘက်သွားတာကို ဘာကြောင့်မှန်းမသိ သိပ်စိတ်မချမှန်း ရိပ်မိသလောက်ရှိတဲ့ တိုရီက ခပ်သွက်သွက်ကလေး ပြေးသွားတုန်း မီးရောင်က ရုတ်ချည်းဆိုသလို ပျောက်သွားတယ်။ ညနေစောင်းအချိန်ဆိုတော့ မှောင်စပျိုးပြီမို့ တိုရီလည်း စိတ်ထဲနည်းနည်းတော့ ချောက်ချားသလိုရှိတာနဲ့ ပြန်လှည့်မယ်အလုပ် အိမ်ကြီးပေါ်ကနေ လိပ်ပြာကြီးတစ်ကောင်က သူမဆီ ပျံဝဲလာတယ်။

လိပ်ပြာက ပုံမှန်မြင်ဖူးနေကျ အရွယ်အစားထက် အတော်လေးကြီးတဲ့အပြင် အနီနဲ့ အနက်အကျားမို့ သူမစိတ်ထဲ အထူးအဆန်းလိုဖြစ်ပြီး လိုက်ကြည့်မိနေတုန်း လိပ်ပြာက အိမ်ကြီးအနောက်က နှင်းဆီရိုင်းချုံဘက် ပျံသွားတယ်။ အဲဒီအချိန်မှာ သူမအကြည့်တွေကလည်း အပွင့်တွေကားနေအောင်ပွင့်တဲ့ နှင်းဆီရိုင်းတွေဆီအရောက် အရင်ရက်တွေကလည်း ဒီပန်းတွေကိုမြင်နေကျပေမယ့် ဒီနေ့ကျမှ သူမစိတ်ထဲ "ပန်းတွေက အရမ်းလှတာပဲ"လို့ တွေးမိပြီး ခူးချင်စိတ်ဖြစ်လာတယ်။ ဒါနဲ့ ခြေမြန်လက်မြန်နဲ့ အပင်နားကပ်သွားပြီး ဆူးမစူးအောင် သေချာသတိထားရင်း အပွင့်ကြီးကြီးပါတဲ့ နှစ်ခက်လောက်ခူးလိုက်တယ်။ ဒါတောင် တစ်ချက်စူးသွားသေးတာမလို့ သူမ 'အ'ခနဲဖြစ်သွားပြီး လက်ကို ပါးစပ်နဲ့အသာစုပ်ရင်း အိမ်လေးဆီ ပြန်လှည့်

mgyoe.com
SAMPLE BOOK

ပြေးတော့တာပဲ။

တိုရီ အိမ်ထဲရောက်တော့ ရှိန်းက ရေချိုးခန်းထဲရောက်နေပြီး တိုရီက မီးဖိုထဲမှာ အလုပ်ရှုပ်နေတဲ့ ကြည်ဖြူ့အနား အသာကပ်သွားပြီး-

"မမ. . . ဒီမှာကြည့် ပန်းတွေလှလား" တိုရီ့အမေးကြောင့် ကြည်ဖြူက တစ်ချက်လှည့်ကြည့်ရင်း-

"အင်း. . . လှတယ်။ တိုရီ ဘယ်ကရလာတာလဲ"

"တိုရီခြံအနောက်ဘက်က သွားခူးလာတာ။ ကိုကို့ကို ပြန်မပြောနဲ့နော် မမ"

ခူးလာတယ်ဆိုတာကြောင့် ကြည်ဖြူ့စိတ်ထဲ တစ်မျိုးဖြစ်သွားပြီး-

"မမ ပြန်မတိုင်ပါဘူး။ ဒါပေမဲ့ ညနေစောင်းဆို အရွက်ခူး၊ ပန်းခူးတာမျိုး မလုပ်ရဘူး ညီမလေးရဲ့"

"ဘာလို့လဲဟင် မမ"

တိုရီက သိချင်စိတ်ကြောင့် မျက်လုံးအဝိုင်းသားနဲ့ မေးတယ်။ ကြည်ကြည် စင်စင်ရှိနေတဲ့ မျက်နှာလေးကိုကြည့်ပြီး တိုရီ မရင်းနှီးတဲ့ တချို့အယူအဆတွေနဲ့ စိတ်မရှုပ်စေချင်တာကြောင့်-

"ဪ. . . အပင်လေးတွေက အိပ်နေတာလေ တိုရီရဲ့။ ညီမလေးက ခူးလိုက်တော့ သူတို့နိုးသွားမှာပေါ့. . . မဟုတ်ဘူးလား"

ပြုံးစစနဲ့ ပြောလိုက်တဲ့ ကြည်ဖြူ့စကားကြောင့် တိုရီက ခေါင်းလေးတညိတ် ညိတ်နဲ့-

"တိုရီ နောက်မခူးတော့ဘူးနော်"

လို့ ပြောပြီး တိုရီက ပန်းနှစ်ခက်ကို ရေဆေး၊ ဖန်ခွက်ရှည်လေးထဲ ထည့်ပြီး အခန်းထဲယူသွားတယ်။ ခဏနေတော့ ရှိန်းလည်း ရေချိုးအပြီး ကြည်ဖြူတို့ ထမင်း လိပ်လည်းပြီးဆိုတော့ သုံးယောက်သား။ ဧည့်ခန်းထဲက တီဗီရှေ့မှာ ကျကျနနနေရာ ယူပြီး ညစာစားကြတယ်။

ကိုဖိုးမောင်တို့ လင်မယားကတော့ ထမင်းနဲ့ဟင်းမှ မစားရရင် မတင်းတိမ် ကြတာမို့ ထမင်းလိပ်ကို နည်းနည်းလောက်စားပြီး ထမင်းကို လက်ဖက်နဲ့နယ်၊ ငါးပိကြော်တွေနဲ့ အားရပါးရစားကြလေရဲ့။ ဒီရက်ပိုင်းတွေဟာ သူတို့အတွက် တကယ်အေးအေးဆေးဆေးနဲ့ စိတ်ချမ်းသာနေရတာမို့ အခြေအနေတွေ တည် ငြိမ်စပြုလာပြီလို့ ရှိန်း ထင်ခဲ့တာ။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီလိုနဲ့. . .။

ညဟာ ထူထဲလာတဲ့ အမှောင်ထုနဲ့အတူ ညဥ့်ရဲ့ဇာတ်လိုက်တွေဖြစ်တဲ့ ပုရစ်အော်သံ၊ ငှက်ကွက်အော်သံတွေနဲ့ ပန်ရနေခဲ့တယ်။ တစ်ချက်တစ်ချက်မှာ စွဲစွဲ ငင်ငင်ထွက်လာတဲ့ ခွေးအူသံတချို့ကလည်း တော်ရုံ အသည်းငယ်သူတွေအတွက် ဆို ကျောချမ်းစရာ ကြည်ဖြူတစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတုန်း လေ တိုက်သံသဲ့သဲ့နဲ့အတူ မျက်နှာတစ်ဝိုက် လေတိုးနေတဲ့ ခံစားချက်ကြောင့် အိပ်နေရာ ကနေ လွန့်လူးရင်းနိုးလာခဲ့တယ်။

အိပ်မှုန်စုံမွှားဖြစ်နေတဲ့ မျက်စိနှစ်ဖက်ကို လက်နဲ့အသာပွတ်ရင်း ဖွင့်ကြည့် လိုက်တော့ ဘေးမှာ တိုရီ မရှိ။ အိမ်သာသွားတာများလားလို့ တွေးမိတုန်းမှာပဲ အကြည့်က ပြတင်းပေါက်ဆီကို ရောက်သွားတယ်။ ပြတင်းပေါက်က ပွင့်နေပြီး အပြင်ကနေ အယုအယက်တိုးဝင်နေတဲ့ လေပြည်ကြောင့် ခန်းဆီးစက လေထဲမှာ တလွင့်လွင့် တလူလူနဲ့ Air-con ကို လှမ်းကြည့်လိုက်တော့လည်း Air-con က ပိတ်လျက်သား။ ပြတင်းပေါက်ဖွင့်ထားတာကြောင့် 'ခြင်တွေဝင်လာတော့မှာပဲ' ဆိုတဲ့အတွေးနဲ့ သွားပိတ်ဖို့အထ-

"ဟင်"

မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် ကြည်ဖြူ နည်းနည်းတော့ မှင်တက်သွား တယ်။ ခုတင်ခြေရင်းမှာ တိုရီတစ်ယောက် ကြမ်းပြင်ပေါ် ခြေပစ်လက်ပစ်ထိုင်ရင်း အလုပ်တွေ ရှုပ်နေလေတယ်။

ကြည်ဖြူ့ Luggage ကိုဖွင့်ပြီး ကြည်ဖြူ့အဝတ်အစားတွေကို ဆွဲထုတ် ထားရင်း အဝတ်ပုံကြားမှာ ဟိုဟာဖြန့်ကြည့် ဒီဟာဖြန့်ကြည့်နဲ့ ထင်မထားတဲ့ တိုရီ့ ပုံစံကြောင့် ကြည်ဖြူအံ့သြသွားတာတော့ အမှန်။ အံ့သြမှင်တက်ပြီး ကြည်ဖြူနှုတ် ဆိတ်ရင်း ကြည့်နေသခိုက်-

"ကြိုက်တာတွေ ယူလို့ရလား မမကြည်ဖြူ"

တိတ်ဆိတ်နေတဲ့အချိန် တိုရီ့ဆီကနေ တစ်လုံးချင်းစီထွက်လာတဲ့ စကား သံတွေကြောင့် ကြည်ဖြူ ဆတ်ခနဲလန့်သွားတာတော့ အမှန်။

"ယူလေ တိုရီ၊ ယူချင်တာများ မနက်မှကြည့်တာမဟုတ်ဘူး ညီမလေး ရယ်. . . အိပ်ရေးပျက်မယ်"

"အခုလိုချင်လို့ အခုရွေးတာ"

တိုရီ့လေသံက မာတယ်မဆိုသာပေမယ့် အေးစက်စက် ပြတ်တောင်းတောင်း

mgyoe.com

mgyoe.com SAMPLE BOOK

မလို့ ကြည်ဖြူ့စိတ်ထဲ တစ်မျိုးတော့ဖြစ်သွားသည်။ ဒီကောင်မလေး ကြည်ဖြူ့ခွင့်ပြုချက်မယူဘဲ ကြည်ဖြူ့အင်္ကျီတွေကို စိတ်ကြိုက်မွှေနေတာ စိတ်ကွက်ချင်စရာပေမယ့် ကြည်ဖြူ စိတ်မကွက်ပါ။ ဟိုနေ့ကပဲ တိုရီရီမှာ မြန်မာဝတ်စုံတွေ မရှိတဲ့အကြောင်း သိထားတာမို့ လိုချင်လို့ ယူတာပဲလေဆိုပြီး နားလည်တယ်။ ကြည်ဖြူမှာလည်း သွေးရင်းတဲ့ မောင်နှမသားချင်း မရှိတာမို့ ရှိန်း တိုရီရီ့ကိုချစ်သလောက် ချစ်နိုင်မချစ်နိုင် မသေချာပေမယ့် ညီမလေးတစ်ယောက်လို ချစ်ခင်တာတော့ အမှန်။

"တိုရီရီကြိုက်တာတွေ ယူထားလိုက်လေ။ မမ ပြန်အိပ်တော့မယ်။ ပြီးတော့ ပြတင်းပေါက်ပိတ်လိုက်မယ်နော် တိုရီရီ ခြင်တွေဝင်မှာစိုးလို့"

ကြည်ဖြူ့စကားအဆုံးမှာ တိုရီရီက ပြတင်းပေါက်ဆီ တစ်ချက်ကြည့်ပြီး-

"ဟုတ်ကဲ့"

စကားသံက တကယ့်ကို ပြတ်တောင်းတောင်း။ ဆယ်ကျော် သက်အရွယ်လေးမို့ ကြည်ဖြူ ဘယ်လိုမှ သဘောမထားဘဲ ပြတင်းပေါက်ဆီသွားဖို့ ခုတင်ပေါ်က အဆင်း-

"ဝုန်း!. . . အမေ့"

ပြတင်းပေါက် တံခါးရွက်နှစ်ချက်က ဝုန်းခနဲနေအောင် အားပြင်းပြင်းနဲ့ ပိတ်သွားတော့ ကြည်ဖြူလန့်ပြီး အမိ,တမိသွားသည်။ တိုရီရီကတော့ လန့်သွားတာကို သဘောကျသလို တဟီးဟီးရယ်နေလေရဲ့။ ကြည်ဖြူ အလန့်မပြေသေးဘဲ ခုတင်ပေါ်ပြန်တက်ပြီးလှဲရင်း စိတ်ထဲစနိုးစနောင့် ဖြစ်နေမိတယ်။ လေတိုက်နေတာမှန်ပေမယ့် အဲလောက်ကြီး ပြင်းမယ်တော့မထင်။

ပြီးတော့. . . ပြီးတော့ နောက်တစ်ခုရှိသေးတာက ကြည်ဖြူ နိုးနေတာကို တိုရီရီ ဘယ်လိုသိလဲ စဉ်းစားမရ။ အိပ်ရာပေါ်မှ ကြည်ဖြူ သိပ်လှုပ်လှုပ်ရှားရှား မလုပ်လို့ အသံထွက်ခဲ့ရင်တောင် အိပ်ရင်း ဟိုဘက်ဒီဘက် လှည့်သလောက်သာ အသံထွက်လိမ့်မည်။ နောက်ကို တစ်ချက်တောင်လှည့်မကြည့်ဘဲ ကြည်ဖြူ နိုးနေပြီဖြစ်မှန်း တိုရီရီ ဘယ်လိုသိလဲ. . .။

❑

မနက်ပိုင်း ဘုရားသွားဖို့ ရှိန်း ရေချိုးအဝတ်အစားလဲပြီး ဧည့်ခန်းမှာ တီဗီကြည့်ရင်း မမချောနှစ်ယောက် ပြင်ဆင်နေတာကို ထိုင်စောင့်နေရတယ်။ ကြည်ဖြူထွက်လာတော့ ရှိန်းသဘောကျမိတဲ့ ကိစ္စတစ်ခု။

သူ ဝတ်ထားတာ မိတ်ကပ်ရောင် shirt နဲ့ ရေညှိရောင်ပုဆိုး၊ ကြည်ဖြူ

mgyoe.com

ဝတ်ထားတာက မိတ်ကပ်ရောင်အောက်ခံပေါ်မှာ ရေညှိရောင် ဘောလုံးပြောက်ကြီး တွေပါတဲ့ လက်ရှည်ရင်ဖုံးနဲ့ ထဘီဝမ်းဆက်။ သူတို့နှစ်ယောက်မှာ ငယ်ငယ်ကတည်း က အကျင့်တစ်ခုရှိတယ်။ သူ အင်္ကျီအနီဝတ်ရင် ကြည်ဖြူကလည်း သူနဲ့အရောင်တူ တစ်မျိုးလိုက်ဝတ်တယ်။ ပြီးတော့ ကျူရှင်သွားခါနီးဆို နှစ်ယောက်သား 'ငါ ဒီနေ့ ဘယ်အရောင်ဝတ်မှာ၊ နင်လည်း အဲဒီအရောင်ဝတ်'ဆိုပြီး တိုင်ပင်သေးတာ။ အဲဒီ အကျင့်က ၁၀ တန်းလောက်ရောက်မှ ပျောက်သွားတယ်။ ဒါပေမဲ့ နောက်ပိုင်းတွေ မှာလည်း နှစ်ယောက်သားက တစ်ယောက်စိတ်တစ်ယောက် နီးနီးစပ်စပ်သိတဲ့သူ တွေမို့ နှစ်ယောက်အတူအပြင်သွားရင် ဘာဝတ်ဝတ် တိုက်ဆိုင်တတ်တာများတယ်။ ကြီးကြီးကျယ်ကျယ် ပြောရရင်တော့ ချစ်သူတွေကြားက telepathy ပေါ့။

ကြည်ဖြူ ထွက်လာပြီး ငါးမိနစ်လောက်နေတော့ တိုရီ ထွက်လာတယ်။ လက်ဖောင်းပွပွ လက်ရှည်နဲ့ ဂါဝန်အရှည်ကြီးဝတ်ထားတဲ့ တိုရီ့ကိုကြည့်ပြီး ကြည်ဖြူ က-

"ဟောတော်. . . မမက တိုရီ မြန်မာဝတ်စုံ ဝတ်မယ်မှတ်နေတာ"

"ဝတ်ချင်တာပေါ့ မမရဲ့၊ တိုရီ့မှာ ရှိမှမရှိတာ။ ဒီနေ့လိုက်ဝယ်ပေးဖို့ ကိုကို့ ကို ပူဆာမလို့"

"မနေ့ညက. . . "

"ကြည့်စမ်း ကိုကိုနဲ့မမက ဆင်တူတွေဝတ်ထားတာပဲ။ မနာလိုလိုက်တာ၊ တိုရီ့ကို ဖယ်ထားကြတယ်"

ကြည်ဖြူ့စကားမဆုံးခင်မှာပဲ တိုရီက ဝင်ပြောလိုက်သောကြောင့် ကြည်ဖြူ ဆက်မပြောဘဲ တိုရီ့ကို အကဲခတ်ကြည့်မိတော့ တိုရီ့ပုံစံက ပကတိဖြူဖြူစင်စင်ပဲ။ ပြီးတော့ ညကကိစ္စပြောလိုက်ရင် ရှိန်းက တိုရီ့ကိုဆူနေမှာစိုးတာနဲ့ ကြည်ဖြူ ဘာမှ ထပ်မပြောဖို့ဘဲ ဆုံးဖြတ်ထားလိုက်တယ်။

ဘုရားအသွားလမ်း ကားပေါ်မှာ နောက်ခန်းက ထိုင်လိုက်လာတဲ့ တိုရီက တဝါးဝါးသမ်းနေတာနဲ့ ရှိန်းက-

"အိပ်ရေးမဝဘူးလား ညီမလေး"

"မဟုတ်ဘူး ကိုကို. . . ညက ညီမလေး ၁၀ နာရီလောက်ကတည်းက အိပ်ပျော်သွားတာ။ မနက်လည်း ၇ နာရီကျော်မှနိုးတာကို ဘာလို့ အိပ်ရေးမဝသလို ဖြစ်နေမှန်း မသိဘူး"

တိုရီ့အဖြေကြောင့် ကြည်ဖြူ နောက်ကြည့်မှန်ကနေ တိုရီ့မျက်နှာကို

mgyoe.com

mgyoe.com

လှမ်းအကဲခတ်ကြည့်တော့ တိုရီ့ပုံစံက မလုံမလဖြစ်နေတာမျိုးမရှိ ပုံမှန်အတိုင်းပဲ။ ကြည်ဖြူ စိတ်ထဲတစ်ခုခု ထူးခြားနေတယ်ခံစားရပေမယ့် ဘာရယ်လို့ လက်ဆုပ်လက်ကိုင်ပြစရာ မယ်မယ်ရရက မရှိ။ ဒီလိုနဲ့ ဘုရားရောက်တော့ ဘုရားပေါ် တက်ခါနီး ရှိန်းက-

"ခဏနေကြဦး. . . Hand Gel ဘူးမေ့ခဲ့လို့ သွားယူလိုက်ဦးမယ်"

"အေး. . . ငါတို့ ဒီနားကပဲ စောင့်နေလိုက်မယ်"

ရှိန်း ကားဆီသွားနေတုန်း ကြည်ဖြူနဲ့တိုရီက နေရိပ်ရာမှာ ခဏရပ်ရင်း ဘာရယ်မဟုတ် ကြည်ဖြူ ရှိန်းကိုလိုက်ကြည့်မိရာကနေ ကားဆီအကြည့်ရောက်သွားတော့

"ဟင်"

ကြည်ဖြူတစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသလို ခံစားလိုက်ရတယ်။ ကားနောက်ခန်းထဲမှာ မိန်းမတစ်ယောက် ကြည်ဖြူတို့ရပ်နေတဲ့နေရာနဲ့ ကားထားတဲ့နေရာက သိပ်မဝေးတာကြောင့် ကားထဲကို ကြည်ဖြူ ကောင်းစွာမြင်ရလေသည်။

ကားထဲက မိန်းမကလည်း ကြည်ဖြူကို အေးစက်စွာ လှမ်းကြည့်နေခဲ့တာ ပြုံးခြင်းမဲ့ခြင်းမရှိ ခံစားချက်မဲ့နေတဲ့ မာကျောကျောရုပ်သွင်ကြောင့် ကြည်ဖြူ ကျောချမ်းသလိုတောင် ဖြစ်မိသည်အထိ။

ကြည်ဖြူ ဘယ်လောက်တောင် မှင်တက်နေမိသည် မသိ၊ မြင်ကွင်းထဲ ရှိန်းရောက်လာတာတောင် သတိမထားမိဘဲဖြစ်နေတုန်း ပုံမှန်နဲ့မတူဖြစ်နေတဲ့ ကြည်ဖြူကို ရှိန်းက သတိထားမိသွားပြီး-

"ကြည်ဖြူ. . . ဘာတွေကြည့်နေတာလဲ၊ ဘာတွေ့လို့လဲ"

ရှိန်းက ပြောလည်းပြော ကြည်ဖြူအကြည့်ရောက်နေတဲ့ဘက်ကို လိုက်ကြည့်ပြီး ရှာသလိုကြည့်သည်။ ရှိန်းကြည့်ရတာ ဘာမှတွေ့ပုံမပေါ်။ ဒါနဲ့ ကြည်ဖြူလည်း

"ဘာ. . . ဘာမှမဟုတ်ပါဘူးဟာ။ ငါ့အသိကားများလားလို့ ကြည့်တာမဟုတ်ဘူးရယ်"

တိုရီက ရှိန်းလက်ထဲက Hand Gel ဘူးကိုလှမ်းယူပြီး-

"ကဲ. . . တိုရီ ရှေ့ကသွားနှင့်ပြီးနော်၊ ကိုကိုနဲ့ မမ ဖြည်းဖြည်းလိုက်ခဲ့ကြ"

တိုရီက ပြောလည်းပြော ပြေးလည်းပြေးသွားတော့ ရှိန်းနဲ့ ကြည်ဖြူ နောက်ကနေ ခပ်ဖြည်းဖြည်းလျှောက်ရင်း ရှိန်းက သူ့လက်တစ်ဖက်ကို ကြည်ဖြူဆီ ကမ်းပေး

mgyoe.com

mgyoe.com SAMPLE BOOK

လိုက်တယ်။ နှစ်ယောက်သား တစ်ယောက်လက်တစ်ယောက် ခပ်တင်းတင်းဆုပ်ကိုင်မိတဲ့အချိန် ဘာကြောင့်ရယ်မသိ ကြည်ဖြူစိတ်ထဲ လုံခြုံသွားသလို ခံစားလိုက်ရတယ်။

"နင်သိလား ကြည်ဖြူ. . . ငါ နင့်လက်ကို ကိုင်ထားရတဲ့အချိန်ဆို ငါ့ကိုယ်ငါ ခွန်အားတွေပြည့်နေသလိုပဲ ထင်မိတာ"

ကြည်ဖြူခံစားချက်နဲ့ အဆက်အစပ်ရှိတဲ့ စကားမို့ အသာပြုံးမိလိုက်တယ်။

"ဩော်. . . ဒါနဲ့ စကားမစပ်"

ရှိန်းက ဆက်မပြောဘဲ ရပ်သွားတာမို့ "အင်း ရှိန်း. . . ဘာလဲ ပြောလေ"

ရှိန်းက ခြေလှမ်းတွေကို တုန့်ခနဲရပ်လိုက်ပြီး ကြည်ဖြူ့မျက်ဝန်းတွေဆီ အသာငဲ့ကြည့်ရင်း-

"ငါ နင့်ကိုအရမ်းချစ်တယ် ကြည်ဖြူ"

မကြာခဏကြားရတဲ့ စကားစုပေမယ့် မထင်မှတ်ထားတဲ့အချိန်မှာ ကြားလိုက်ရတာမို့ ရှက်တာမျိုးမဟုတ်ဘဲ ကြည်ဖြူ စက္ကန့်ပိုင်းလောက် မျက်လွှာအသာချလိုက်မိပြီးမှ ရှိန်းမျက်လုံးတွေဆီ တည့်တည့်ပြန်ကြည့်ရင်း ပြောလိုက်မိတာက-

"ငါက ပိုချစ်တာပါနော်"

ကြည်ဖြူ့အပြောကြောင့် ရှိန်းက သဘောကျစွာပြုံးရင်း ရှေ့တစ်လှမ်းတိုးကပ်လာတော့-

"ဟဲ့ ရှိန်း. . . ဒါ ဘုရားပရဝုဏ်နော်၊ ငရဲကြီးမယ်။ တိုရီလည်း စောင့်နေလောက်ပြီ၊ သွားကြစို့"

စကားဆုံးတာနဲ့ ရှိန်းလက်ကိုဆွဲပြီး ခပ်မြန်မြန်လျှောက်တော့ ရှိန်းက ရယ်လေသည်။ အချစ်ရှိတဲ့ မနက်ခင်းတိုင်းက ချိုမြိန်သစ်လွင်တာတော့ အမှန်။

❑

တစ်နေ့လယ်လုံး Laptop တစ်လုံးနဲ့ အလုပ်ရှုပ်နေတဲ့အတွက် ညနေအဆာပြေစားဖို့ ကြည်ဖြူနဲ့တိုရီက မီးဖိုထဲမှာ တကုပ်ကုပ် အလုပ်ရှုပ်နေကြလေရဲ့။ ဒီရက်ပိုင်း ဒီကောင်မလေးနှစ်ယောက် ကြည့်လိုက်ရင် မီးဖိုထဲမှာ တစ်ခုခုလုပ်ရင်လုပ် မလုပ်ရင်လည်း အပြင်ကနေမှာပြီး အစားနဲ့ပါးစပ်ပြတ်တယ်ကိုမရှိ၊ နှစ်ယောက်သား အစားလည်းညီ၊ စားသလောက် မဝတာကလည်း ညီ။ တိုရီဆို အရင်ကအစပ်မစားတတ်ပေမယ့် ကြည်ဖြူ့ကောင်းမှု အကြောင်းပြုပြီး အခုဆို အစပ်မပါရင်တောင် မစားတတ်တော့တဲ့အထိ။

mgyoe.com

mgyoe.com SAMPLE BOOK

အခုလည်း သူ့အတွက်လို့ ခေါင်းစဉ်တပ်ပြီး သူမတို့စားချင်တာတွေ ပြင်ဆင်နေကြလေရဲ့။ ပင်လယ်စာထောင်းနဲ့ ဝက်ဂုတ်သားကင်တဲ့လေ။ ဟိုဟိုဒီဒီကနေ Recipe တွေရှာပြီးလုပ်. . . ဖြစ်တဲ့မုန့်ကဖြစ်၊ မဖြစ်တဲ့မုန့်က မဖြစ်နဲ့။ တစ်ခါတလေ တကယ်စားလို့ အဆင်မပြေတဲ့ အရသာမို့ စားမကောင်းဘူးပြောရင် မိကြည်ဖြူတစ်ယောက်က နှုတ်ခမ်းတထော်ထော် လုပ်သေးတာမို့ သူ့မှာ စားကောင်းကောင်း မကောင်းကောင်း "ကောင်းတယ်"ပြောပြီး စားရတာပင်။ အဲလိုအခါမျိုးဆို ရှိန်းဇော်ညိုတစ်ယောက် အရသာကိုလျစ်လျူရှုပြီး အစားအသောက်ထဲမှာပါတဲ့ ကိုယ့်ချစ်သူနဲ့ ညီမရဲ့ စားစေချင်တဲ့စေတနာကို စားပြီး "စားကြည့်အားရှိ" လုပ်ပစ်ရတယ်။

ညနေလေးနာရီကျော်ကျော်လောက်မှာ အလုပ်တွေအကုန် လက်စသတ်ပြီး အညောင်းဆန့်တုန်းရှိသေး၊ တိုရီက သူ အလုပ်ပြီးမပြီး ဘယ်ကနေချောင်းနေတယ်မသိ လှစ်ခနဲပြေးလာပြီး သူ့လက်ကိုအတင်းဆွဲပြီး အပြင်ခေါ် ထုတ်တော့တာ။

"တိုရီ. . . ညီမလေး. . . ဟာ. . . ခဏလေးလေကွာ၊ ကိုကို အညောင်းဆန့်လို့တောင် မပြီးသေးဘူး"

အပြင်ရောက်တော့ မယ်မင်းကြီးမနှစ်ယောက် ပြင်ဆင်ထားတဲ့ အပြင်အဆင်ကြောင့် သူ သဘောကျသွားလေသည်။ ခြံအလယ် သရက်ပင်ကြီးအောက်မှာ ဖျာကြမ်းတစ်ချပ်ခင်းပြီး ရေနွေးအိုးတစ်လုံး၊ ဇလုံးကြီးတစ်လုံးရယ်၊ ပန်းကန်ပြားတစ်ချပ်နဲ့ ထန်းလျက်ပုလင်းရယ်။ ထန်းလျက်ပုလင်းမြင်ကတည်းက သူတော့ ချွေးထုတ်ရတော့မယ်ဆိုတာ သဘောပေါက်လိုက်တယ်။

ငရုတ်သီးတွေ ဘယ်လောက်တောင် ထည့်ထားတာမို့ ထန်းလျက်ကို ပုလင်းလိုက် ချထားရတယ်မသိ။ စားကြည့်တော့ ထင်တာထက်ဆိုးလေတယ်။ အရသာ မကောင်းမဟုတ်၊ ကောင်းပေမယ့် စပ်လိုက်တာမှ ပြုပြုလန်၊ မချောနှစ်ယောက်ကတော့ နှာသီးဖျားတွေနီတဲ့အထိ နှာခေါင်းတရှုံ့ရှုံ့နဲ့ အပီလွေးကြတာ။

စားလို့သောက်လို့ တစ်ဝက်ကျိုးတော့ တိုရီက အစပ်မပြေ ရှူးရှူးရှဲရှဲဖြစ်နေတဲ့ကြားကနေ-

"မမ. . . အဲဒီမှာ အစ်မကြီးတစ်ယောက် ရှိနေတယ်"

အိမ်ကြီးဘက် လက်ညှိုးထိုးပြီး ခပ်တည်တည်နဲ့ ပြောလိုက်တဲ့စကားကြောင့် သူနဲ့ ကြည်ဖြူ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း မျက်လုံးပြူးရပြီ။ သူတို့ ဘာပြောလို့ ပြောရမှန်းမသိဘဲ နှုတ်ဆိတ်နေကြတုန်းမှာပဲ-

"တိုရီ ဒီရက်ပိုင်း Nightmare တွေ ခဏခဏမက်တယ်။ အိပ်မက်ထဲမှာ

mgyoe.com

mgyoe.com

အိမ်ကြီးပေါ်က အစ်မကြီးတစ်ယောက်က သူနဲ့အတူလိုက်ခဲ့ဖို့ခေါ်တာ။ တိုရီ ကြောက်တာမှ အရမ်းပဲ. . . အိမ်ကြီးကိုချစ်ပေမယ့် အဲဒီအစ်မကြီးကိုတော့ ကြောက်တယ်"

စကားအဆုံးမှာ ကြည်ဖြူက ပါးပါးနပ်နပ်နဲ့-

"တိုရီက သရဲကားတွေ အများကြီးကြည့်တာကိုး။ စိတ်စွဲရင်လည်း မက်တတ်တယ် တိုရီရဲ့။ ပြီးတော့ အိပ်ခါနီး သေချာဘုရားရှိခိုးအိပ်၊ အဲဒါဆို အိပ်မက်ဆိုးတွေ သိပ်မမက်တော့ဘူး. . . ဟုတ်ပြီလား"

တိုရီက လက်ခံသလို ခေါင်းလေးတညိတ်ညိတ် လုပ်နေလေတယ်။

"ကိုကို ညီမလေးကို ပြောစရာရှိသေးတယ်။ အိမ်ကြီးဘက်ကို သိပ်မသွားနဲ့နော်။ အိမ်က ဟောင်းနေပြီဆိုတော့ ခိုင်ခံ့မှု သိပ်စိတ်မချရဘူး။ အကောင်ပလောင်တွေလည်း ရှိနေနိုင်တယ်။ ကိုကို စိတ်မပူချင်ဘူး ဟုတ်ပြီလား"

သူ့မှာ အကောင်းအတိုင်းရှိနေတဲ့အိမ်ကြီးကို စုတ်အောင်ပြောပြီး ဖိန့်လုံးတွေ ထုတ်လိုက်ရတဲ့အဖြစ်။ တိုရီကတော့ ဟိုမှာတုန်းက ဖေဖေနဲ့ ဘယ်လိုနေခဲ့တယ် မသိပေမယ့် ဒီမှာတော့ သူတို့ပြောသမျှကို နားယောင်လက်ခံတတ်လေ့ရှိပြီး တကယ့်အရိုးခံအတိုင်း။

"ကိုကိုစိတ်မပူရအောင် ညီမလေး အိမ်ကြီးဆီ မသွားတော့ပါဘူး။ မမလည်း ရှိနေတယ်၊ တိုရီ ပျော်နေပါပြီ"

"ဩော်. . . ညည်းက ငါနဲ့ နှစ်ယောက်တည်းနေရတုန်းကတော့ မပျော်ဘူးပေါ့လေ"

သူ့စကားကြောင့် တိုရီက ဇက်ကလေးပု လျှာလေးတစ်လစ်ထုတ်ရင်း မသိချင်ယောင်ဆောင်တယ်။ အနာဂတ်ရဲ့ သမီးယောင်းမနှစ်ယောက်ကတော့ အဆင်ပြေနေလေပြီ။ သူတို့မသိသေးတာက တစ်ခုရှိနေခဲ့တာက တိုရီ အိမ်ကြီးဆီ မသွားတော့ဘူးဆိုပေမယ့် အိမ်ကြီးထဲက အမျိုးသမီးဟာ သူတို့နဲ့အနီးကပ်ဆုံးမှာ ရောက်နှင့်နေပြီဆိုတာ. . .။

❑

သူ တစ်ရေးနိုးတဲ့အချိန် ရေဆာတာနဲ့ အခန်းပြင်ထွက်လာခဲ့တယ်။ ဖန်ကရားထဲကနေ ခွက်ထဲရေအပြည့်ထည့်ပြီး အငမ်းမရသောက်ချနေတုန်း နားထဲမှာ မှုံ့ရွေရည်သီချင်းသံ ကြားလိုက်သလိုလို ဖြစ်သွားတာနဲ့ လူက သောက်လက်စကနေ ချက်ချင်းရပ်သွားပြီး သေချာနားစွင့်ကြည့်မိတယ်။ အသံက ပိုပိုပြင်လာခဲ့တယ်။ ဒါပေမဲ့ အရင်လို စာသားပီပီသသ ဆိုနေတာမျိုးမဟုတ်ဘဲ ပါးစပ်ပိတ်ပြီး သီချင်း

mgyoe.com

mgyoe.com SAMPLE BOOK

သံစဉ် ညည်းနေသလိုအသံမျိုး။

ပြီးတော့ အသံက ဘယ်ကလာနေမှန်း ခန့်မှန်းလို့မရဘဲ ဟိုဟိုဒီဒီကနေ အနှံ့ ပျံ့လွင့်နေသလိုလို၊ နောက်တစ်ချက်က အသံကြားနေတာက ခပ်ဝေးဝေးက မဟုတ်၊ အိမ်ထဲတစ်နေရာရာမှာ။ သူ့စိတ်ထဲ လေးလာတာမို့ မျက်စိကလည်း အအား မနေဘဲ ဟိုဟိုဒီဒီ လိုက်ကြည့်နေမိလေတယ်။ အဲဒီအချိန် ဧည့်ခန်းပြတင်းပေါက်ရဲ့ လိုက်ကာက တစ်ယောက်ယောက် ဆွဲလိုက်သလို ဘေးကို ဖျတ်ခနဲ ပွင့်သွားတယ်။

ပြတင်းပေါက်မှန်တွေကို ကိုဖိုးမောင်တို့လင်မယားက နေ့တိုင်း သန့်ရှင်း ရေးလုပ်နေတာမို့ မှန်တွေက ကြည်ရှင်းနေပြီး အိမ်ရှေ့က မြင်ကွင်းတွေကို ပြတ်ပြတ်သားသား မြင်နေရတာမို့ သူ မမှိတ်မသုန်ကြည့်နေမိတုန်း သူ စမြင်လိုက်ရ တာက မှန်အပေါ်ပိုင်းကနေ တဖြည်းဖြည်းကျလာတဲ့ဆံပင်တွေ။ ဘာဆိုတာမှန်း သိပေမယ့် မျက်နှာမလွှဲနိုင်ဘဲ စူးစူးစိုက်စိုက် ဆက်ကြည့်မိနေရင်း တစ်စစနဲ့ပေါ်ပေါ် လာတဲ့ ဆံပင်ထုကိုကြည့်နေတုန်း ရုတ်တရက်ဆိုသလို အပေါ်ကနေ လူတစ်ယောက် ဝုန်းခနဲပြုတ်ကျသွားသလို မြင်လိုက်ရတာမို့ သူ နောက်ကို ခြေတစ်လှမ်းဆုတ်မိ သွားတယ်။ စက္ကန့်အတော်ကြာတဲ့အထိ သူမလှုပ်မယှက်ရပ်နေရင်း 'ဘာများ ထပ် ပေါ်လာမလဲ"ဆိုပြီး ကြည့်နေပေမယ့် တော်တော်ကြာတဲ့အထိ ဘာမှမထူးခြား။ ဒါနဲ့ လိုက်ကာပြန်ပိတ်ဖို့ သူ သတိထားပြီး ပြတင်းပေါက်ဆီကို တစ်လှမ်းချင်းတိုး သွားတယ်။ ပြတင်းပေါက်ဆီရောက်ဖို့ ခြေလှမ်းသုံးလေးလှမ်းစာလောက် အလိုမှာ-

"ဟာ"

ပြက်ခနဲ ကုန်းရုန်းထလာတဲ့ ဆံပင်ဖားလျားနဲ့ အနက်ရောင်သဏ္ဍာန် ကြောင့် လန့်ပြီး သူနောက်ကို လန်လဲသွားတယ်။ သူ့မျက်နှာဆီ တည့်တည့်ကြည့်ရင်း တလွဲဆီဖြစ်နေတဲ့ လည်ပင်းနဲ့ ခန္ဓာကိုယ်အရိုးတွေကို တစ်ဆစ်ချင်း ဖျောက်ခနဲ ဖျောက်ခနဲဖြည်ပြီး သူ့ကို ရယ်ပြနေပုံက ကြက်သီးထစရာ။ ဖြည်စရာအရိုးလိပ်တွေ ကုန်တော့ သူမက တဟားဟားအော်ရယ်ရင်းကနေ ဖြတ်ခနဲတည်သွားပြီး 'ဆတ်' ဆို မေးကိုဆတ် လက်တွေချိုးကာ ကကွက်အနေအထားကနေ သူ့ကို ခပ်စိမ်းစိမ်း မျက်လုံးပြူးကြည့်ရင်း-

*"မွှံxxx ရွှေxxx ရည်xxx ခိုင်xxx မာxxx လာxxx နှင်းxxx ဆီxxx တောက်xxx ကြိုင်xxx စွာxxx သာxxx သင်းxxx ကြည်xxx တောက်xxx မြိုင်xxx ပေxxx မာxxx တွင်းxxx ထုံxxx ဝေxxx ပြီxxx တောက်"*

အသံအက်အက်ပြာပြာနဲ့ သီချင်းသီဆိုရင်း တောက်ဆိုတဲ့နေရာတိုင်းမှာ

mgyoe.com

mgyoe.com

ကဟန်အနေအထားကို ဖြတ်ခနဲ ဖြတ်ခနဲ အဆစ်တွေ ကျိုးထွက်မတတ် ချိုးချနေပုံကြောင့် သူ့ကိုယ်သူတောင် မသိလိုက်ဘဲ နောက်ပြန်ဆုတ်ဆုတ်သွားရင်း ဆက်ကြည့်ဖို့ အင်အားမရှိတဲ့အဆုံး နားတွေကို လက်နှစ်ဖက်နဲ့အုပ်ရင်း ကြမ်းပြင်ပေါ် မျက်နှာအပ်ပြီး မှောက်ချလိုက်တယ်။ နားပိတ်ထားတယ်ဆိုပေမယ့်လည်း အသံက ခပ်သဲ့သဲ့ကြားနေရဆဲပင်။ အသက်ကို မနည်းရှူရင်း သူ စိတ်နိုင်သမျှ ငြိမ်အောင် ကြိုးစားနေတုန်း အသံက တဖြည်းဖြည်းချင်း တခြားဘက်ကိုရွှေ့နေသလို ဝေးသွားရင်းက နောက်ဆုံး အသံပျောက်သွားသည်။

အသံမကြားရတော့ဘူးဆိုပေမယ့် ဒီသရဲမက ယုံလို့ရတာမဟုတ်. . . သူ ထမှ ဘွားခနဲပေါ် လာမှာစိုးလို့ သူ့မှာ တော်တော်နဲ့ပြန်မထရဲ။ ဒါကြောင့် မှောက်လျက်အနေအထားအတိုင်း ငြိမ်နေပြီး သတ္တိမွေးနေတုန်းမှာပဲ-

*"တောက်xxx ချိုးxxx တောက်xxx ချိုးxxx ချိုးxxx တောက်xxx ချိုးxxx တောက်xxx တောက်xxx ချိုး"*

အသံကြောင့် သူ စိုးရိမ်ရေမှတ်က ထိပ်ဆုံးထိ တက်သွားရတော့လေတယ်။ ဒီပါးစပ်စည်းဝါးချသံက သူ့အတွက် သိပ်မဆန်းတော့လောက်အောင် ခဏခဏ ကြားနေတယ်ဆိုပေမယ့် အသံထွက်လာတာက တိုရီတို့အခန်းထဲမှ ဖြစ်နေတယ်။ သူ ကြောက်စိတ်ထက် စိုးရိမ်စိတ်ပိုများသွားပြီး ဝုန်းခနဲ ထရပ်လိုက်တယ်။

အဲဒီအချိန်မှာ. . . နောက်ထပ်ထွက်လာတဲ့အသံက-

"အား. . ."

ထိတ် လန့်တကြား အာခေါင်ခြစ်အော်လိုက်တဲ့ ကြည်ဖြူအသံ။ ပြီးတော့ ပီပြင်စွာထွက်ပေါ် လာဆဲဖြစ်တဲ့-

*"တောက်xxx ချိုးxxx တောက်xxx ချိုးxxx ချိုးxxx"*

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၇)

ရှိန်း. . . ကြည်ဖြူတို့အခန်းဆီ အပြေးတစ်ပိုင်းသွားပြီး တံခါးကို ဝုန်းခနဲ ဆွဲဖွင့်လိုက်တော့ မျက်နှာကို လက်ဝါးနှစ်ဖက်နဲ့အုပ်ပြီး အော်နေတဲ့ ကြည်ဖြူရယ်၊ ဘာဖြစ်မှန်းသိပုံမရလို့ မျက်လုံးအဝိုင်းသားနဲ့ ကြောင်စီစီလေးဖြစ်ရင်း ကြည်ဖြူ့ကို ဖက်ထားတဲ့ တိုရီရယ်။ ကြည်ဖြူပုံစံကိုကြည့်ပြီး စိုးရိမ်စိတ်က ငယ်ထိပ်ရောက်သွားတာမို့ သူ ခုတင်နား ဘယ်လိုရောက်သွားမှန်းပင် မသိလိုက်။

"ကြည်ဖြူ့. . . ကြည်ဖြူ့. . . ဘာဖြစ်တာလဲ. . . ကိုယ့်ကိုပြော. . . ဘာမြင်လိုက်တာလဲ"

သူ့အမေးကို မဖြေနိုင်သေးဘဲ တဆတ်ဆတ်တုန်ယင်ရင်း ငိုနေတော့ သူ တိုရီရှိနေတာကိုတောင် သတိမထားနိုင်တော့ဘဲ ကြည်ဖြူကို အသာဖက်ထားရင်းက ကျောလေးအသာပုတ်ပြီး-

"ဘာမှမဖြစ်တော့ဘူး. . . ကိုယ်ရှိတယ်. . . နော်. . . ဘာမှမဖြစ်တော့ဘူး"

တိုရီက အခန်းမီးတွေ ထဖွင့်ရင်း ရေတစ်ခွက်သွားယူလာပြီး-

"ညီမလေးလည်း မမအော်သံကြားမှ နိုးလာတာ ကိုကို. . . နိုးတဲ့အချိန် မမကိုကြည့်လိုက်တော့ ဟိုနေရာကိုကြည့်ပြီး ကြောက်လန့်တကြားအော်နေတာ"

တိုရီကပြောရင်း အခန်းထောင့်တစ်နေရာကို လက်ညှိုးထိုးပြတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ပြီးတော့ ဆက်ပြောတာက-

"ညီမလေးကြည့်တာတော့ ဘာမှမရှိဘူး။ မမ အိပ်မက်ဆိုးမက်တာလား မသိဘူး"

သူ သေချာသိတာတစ်ခုက ကြည်ဖြူ အိပ်မက်ဆိုးမက်တာ မဖြစ်နိုင်။ အခန်းထဲကနေ ဟိုအမျိုးသမီးရဲ့ စည်းဝါးချနေသံကို သူ ပီပီသသကြားလိုက်တာမို့. . .

"ဟုတ်လား. . . အသံတွေဘာတွေရော ကြားသေးလား ညီမလေး"

သူ့အမေးကို တိုရီက အသာခေါင်းယမ်းပြတယ်။ သက်ပြင်းအသာချရင်း ကြည်ဖြူကို သူ့ရင်ဘတ်ဆီကနေ အသာခွာထုတ်ရင်း. . .

ကြည်ဖြူက တအင့်အင့်ရှိုက်ရာက ရေဖြည်းဖြည်းသောက်ပြီး ခဏလောက်အကြာထိ ဘာစကားမှမပြောသေးဘဲ တည်ငြိမ်အောင် ကြိုးစားရှာသည်။ အခြေအနေတွေ အနည်းငယ် ငြိမ်သက်သလိုရှိသွားမှ သူက-

"ရလား. . . နင်အဆင်ပြေရဲ့လား"မေးတော့ ကြည်ဖြူက ခေါင်းအသာညိတ်ပြသည်။ ကြည်ဖြူ ဘာမြင်လိုက်တာလဲဆိုတာ ရိပ်မိပြီးသားမို့ တိုရီရှေ့ဖြစ်နေတော့ သူ ဘာမှဆက်မမေးတော့ဘဲ-

"နင်အရမ်းလန့်သွားတယ်ထင်တယ်။ ညီမလေးလည်း လန့်သွားမှာပဲ။ ခဏလောက် စိတ်ငြိမ်အောင်ထားပြီး ပြန်အိပ်လိုက်ကြဦး။ ငါ အခန်းအပြင်မှာရှိနေမယ်. . . ဟုတ်ပြီလား"

"ဟုတ်ကဲ့. . . ကိုကို. . . မမလည်း အရမ်းမကြောက်နဲ့တော့နော်၊ တိုရီလည်း ရှိနေတာပဲ"

ကြည်ဖြူက ခေါင်းညိတ်ပြပြီး ခပ်ယဲ့ယဲ့ပြုံးပြရင်း. . .

"နင်လည်းပြန်အိပ်ပါ. . . မနက်မှပဲ ငါ သေချာပြောပြမယ်လေနော်"

သူ ဖရိုဖရဲဖြစ်နေတဲ့ ကြည်ဖြူ့ဆံပင်တွေကို အသာသပ်ပေးရင်း. . .

"အေးပါ. . . အခန်းမီးတွေ ဖွင့်ထားလိုက်ဦး။ တော်ကြာ မှောင်နေရင် နင် စိတ်ချောက်ချားနေမှာစိုးလို့"

"အေး. . . အေး"

သူ အခန်းပြင်ထွက်လာတော့ အပြင်မှာ ကိုဖိုးမောင်နဲ့ မလှရီက အခြေအနေကို အကဲခတ်နေကြတယ်။ သူတို့လည်း အော်သံကြားလို့ နိုးလာကြတယ်ထင်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဘာမှမဖြစ်ဘူး ကိုဖိုးမောင်. . . ကြည်ဖြူ နည်းနည်းလန့်သွားတာပါ။ ကိုဖိုးမောင်တို့ ပြန်အိပ်တော့လေ။ ကျွန်တော်တော့ ခဏစောင့်ပေးလိုက်ဦးမယ်"

ကိုဖိုးမောင်က စိုးရိမ်စိတ်မကင်းသလို ကြည့်နေသေးတာမို့ သူက ရပါတယ်ဆိုတဲ့သဘောမျိုးနဲ့ လက်မောင်းကိုလှမ်းကိုင်ပြီး ခေါင်းညိတ်ပြလိုက်တယ်။

"တစ်ခုခုဆို လှမ်းခေါ်လိုက်နော် အစ်ကိုလေး"

"ဟုတ်ကဲ့ ကိုဖိုးမောင်"

သူ တစ်အိမ်လုံးကမီးတွေ အကုန်ဖွင့်ထားပြီး ကြည်ဖြူတို့အခန်းရှေ့မှာ ထိုင်စောင့်ရင်း အတွေးတွေက အတိတ်ဆီရောက်လိုက်၊ ရှေ့ဆက်ဖြစ်လာမယ့်အရာတွေဆီ မှန်းဆလိုက်နဲ့ ရောက်တတ်ရာရာ ဖြစ်နေခဲ့တယ်။ အဲလိုနဲ့ မေမေနဲ့ဖေဖေ အကြောင်း တွေးမိတော့ ဖေဖေနဲ့ပတ်သက်လို့ မေမေပြောပြဖူးတာတချို့ သူ သတိရသွားမိတယ်။

သူ့အသက် ၁၀ နှစ်၊ ၁၁ နှစ်အရွယ်လောက်မှာ သူ မေမေ့ကို ဖေဖေ့ အကြောင်း မေးခဲ့ဖူးတယ်။ မေးဖူးတာ အကြိမ်ကြိမ်အခါခါပေမယ့် အဲဒီတစ်ခေါက်ကိုတော့ သူ မှတ်မှတ်ရရရှိနေမိတာက အကြောင်းရှိလေတယ်။

အရင်ကဆို 'သား လူကြီးဖြစ်လာရင် မေမေ အကုန်ပြောပြမယ် ဟုတ်ပြီလား'လို့ပဲ ပြောတတ်ခဲ့တဲ့မေမေက အဲဒီတစ်ခေါက်ကတော့ စကားတစ်ခွန်းကို ကြေကြေကွဲကွဲ ဆိုခဲ့တယ်လေ။

"မေမေ. . . သားတို့က ဖေဖေရယ် ညီမလေးရယ်နဲ့ ဘာလို့ခွဲနေရတာလဲ မေမေ။ မေမေက ဖေဖေ့ကို ဘာလို့သွားခိုင်းရတာလဲ"

"မေမေ မသွားခိုင်းပါဘူး သားရယ်. . . ထွက်သွားဖို့ ရွေးချယ်ခဲ့တာ သားရဲ့ဖေဖေပါ။ အိမ်ထောင်ရေးတစ်ခုမှာ တချို့လူတွေက ပြောင်းလဲတတ်လို့ လမ်းခွဲကြတယ်။ တချို့တွေကတော့. . . "

မေမေ့အသံ တိမ်ဝင်သွားပြီး ဆက်မပြောနိုင်သလို သက်ပြင်းတစ်ချက် အရင်ချတယ်။ ပြီးတော့ ဆက်ပြောတာက. . .

"တချို့တွေကတော့ မပြောင်းလဲတတ်လို့ လမ်းခွဲရတယ် သားရဲ့။ သား ဖေဖေက မေမေ့အတွက် ပြောင်းလဲမပေးခဲ့ဘူးလေ"

အသံက မသိမသာအဖျားခတ်ရုံလေး တုန်သွားပေမယ့် မေမေ့မျက်ဝန်း ထဲက ကြေကွဲရိပ်တွေကတော့ သိသိသာသာ အရိပ်ထင်နေခဲ့တယ်။ သားရှေ့မှာ မျက်ရည်မဝဲဖို့ မျက်တောင်တွေကို မြန်မြန်ခတ်ရင်း အသက်မပါတဲ့အပြုံးတစ်ခုကို

mgyoe.com

mgyoe.com SAMPLE BOOK

ဖန်တီးပြုံးနေတဲ့ မေမေ့ကိုကြည့်ပြီး သူ အရမ်းသနားခဲ့ရတယ်။ စိတ်ထဲမှာလည်း ဘယ်တော့မှ ဖေဖေ့အကြောင်းကို ထပ်မမေးတော့ဘူးလို့ ဆုံးဖြတ်ခဲ့တာ။ တကယ်လည်း နောက်ထပ် ဖေဖေ့အကြောင်း တစ်ခွန်းမှမမေး မပြောဘဲနေခဲ့တယ်။

ဒါပေမဲ့လည်း မေမေကိုယ်တိုင် ပြောပြလာမယ့်နေ့ကိုတော့ စောင့်မျှော်နေမိတာ အမှန်။ ဖေဖေ ဘာတွေမပြောင်းလဲခဲ့လို့ မေမေနဲ့ ဝေးခဲ့ရသလဲဆိုတာ သူ သိချင်သည်လေ။ အတွေးပေါင်းစုံတွေးရင်း မနက်အလင်းရောင် ပျို့ချိန်ရောက်မှ သူ့အခန်းထဲ ပြန်ဝင်လာခဲ့တယ်။

မနက်ခင်းအလင်းရောင်ကိုတော့ အနီးအနက်ရောင် အမျိုးသမီး မဆန့်ကျင်နိုင်လောက်ဘူး အထင်တစ်ခုနဲ့. . .

❑

"နင့်အခန်းတံခါးဖွင့်သံကြားကတည်းက ငါနိုးနေတာ။ တစ်အောင့်လောက်နေတဲ့အထိ ပြန်ဝင်လာသံမကြားတာရော၊ အပြင်မှာ တစ်ခုခုဖြစ်နေတယ်လို့ စိတ်ထဲမှာ ထင်တာရောကြောင့် ငါထွက်ကြည့်ဖို့အထမှာ တွေ့လိုက်တာပဲ။ အခန်းထောင့်မှာ မေးတဆတ်ဆတ်နဲ့ တောက်. . . ချီး. . . တောက်. . . ချီးနဲ့. . . တကယ်ကို. . ."

ကြည်ဖြူ ဆက်မပြောနိုင်သေးဘဲ အသံတစ်ချက်တိမ်သွားပြီး မျက်နှာမှာလည်း တိတ်လန့်ရိပ်တချို့ ထင်ဟပ်လာတယ်။ ပြီးမှ. . .

"တကယ်ကြောက်စရာကောင်းလွန်းတယ် ရှိန်း. . . ငါ တော်ရုံလောက်ဆိုသွေးမပျက်တတ်တာ နင်လည်းသိပါတယ်။ အခုက ထင်ထင်ရှားရှားကြီး"

သူလိုယောကျ်ားသားတစ်ယောက်တောင် သွေးရူးသွေးတန်း ဖြစ်ခဲ့ရတာမလို့ ကြည်ဖြူ ဘယ်လောက်လန့်သွားမလဲ သူ ခန့်မှန်းနိုင်တာကြောင့် ကြည်ဖြူပခုံးကို လက်နဲ့အသာကိုင်ရင်း သူ အသံတိတ်နှစ်သိမ့်ပေးမိတယ်။

"ငါလည်းသိတယ် ကြည်ဖြူ. . . အစက အိမ်ကြီးဘက်မှာပဲ အဲဒီမိန်းမကိုယ်ထင်ပြနိုင်တယ် ထင်ခဲ့တာ။ အခုရက်ပိုင်း အိမ်လေးဘက်မှာပါ ဒီလိုတွေဖြစ်လာတော့ ငါလည်း ဘာဆက်လုပ်ရမလဲ မစဉ်းစားတော့ဘူး။ ငါကိုယ်တိုင် ကြောက်မိတာလည်း ဝန်ခံပါတယ်။ ကြောက်ပေမယ့်လည်း ဒီအမျိုးသမီးနဲ့ပတ်သက်တဲ့ ပဟေဠိကို ငါ သိချင်တယ်။ ငါတို့နဲ့ တစ်ခုခုပတ်သက်နေမယ်လို့လည်း ငါ ထင်တယ်"

သူ့အပြောကြောင့် ကြည်ဖြူက နားမလည်သလိုဖြစ်သွားပြီး-

"နင်တို့နဲ့ ပတ်သက်တယ်၊ ဘယ်လိုကြောင့်လဲ ရှိန်း. . . နင် ဘာတွေသိ

mgyoe.com

mgyoe.com
SAMPLE BOOK

ထားလို့လဲ"

သူ သတိလစ်သွားတဲ့ညက သူ မြင်ခဲ့တဲ့ ပုံရိပ်တွေအကြောင်းကိုပါ သူ ကြည်ဖြူ့ကိုပြောပြလိုက်တော့ ကြည်ဖြူကလည်း သူ့ထင်မြင်ချက်ကို လက်ခံသလိုလို ရှိသွားတယ်။

"ငါတို့ ဒီအိမ်ကြီးအကြောင်း သိဖို့ဆိုရင် ဒီအနီးအနားတစ်ဝိုက်မှာ အရင် မေးမြန်းကြည့်ဖို့လိုမယ် ရှိန်း။ ပြီးတော့ ငါတို့ တိုရီ့ကို ဘာမှပြောမပြဘဲထားတာ အဆင်ပြေပါ့မလား။ တိုရီငယ်သေးတာ မှန်ပေမယ့် သိသင့်သလောက်တော့ သိထား ရမယ် မဟုတ်လား"

သူ တစ်ချက်တွေသွားပြီးမှ-

"သိထားသင့်တာ မှန်ပါတယ်။ ဒါပေမဲ့ အခုလက်ရှိမှာ ဒီအမျိုးသမီးနဲ့ ကြုံနေရတာ ငါတို့နှစ်ယောက်ပဲ။ ဘာကြောင့်မှန်းမသိ တိုရီ့ကိုတော့ မခြောက်လှန့် တာ ငါ သတိထားမိတယ်။ အဲဒီတော့ တိုရီ့ဘက်က ထုတ်မေးလာရတဲ့ အခြေအနေ မျိုး မရောက်သေးဘဲနဲ့တော့ တိုရီ့ကို မလိုအပ်ဘဲ ထိတ်လန့်မနေစေချင်သေးဘူး ကြည်ဖြူ"

ကြည်ဖြူက သူ့စိတ်ကို နားလည်သလို အသာခေါင်းညိတ်ရင်း. . .

"ငါ့ကို တစ်ခုတော့ကတိပေး ရှိန်း၊ ဒီခြံထဲမှာ ငါတို့ထဲက တစ်ယောက် ယောက် ထိခိုက်ရတဲ့အခြေအနေမျိုး ထပ်ဖြစ်လာရင်တော့ ငါ အပါအဝင် နင်တို့ လည်း ဒီမှာဆက်မနေတော့ပါဘူးဆိုတဲ့ကတိ. . . နင် ပေးမယ်မလား"

စိတ်ပူစွာဆိုလာတဲ့ ကြည်ဖြူ့ပုံစံကြောင့် သူ စိတ်မကောင်းဖြစ်သွားရတယ်။ ဒီလောက်ထိတ်လန့်ထားရတာတောင် ထွက်သွားမယ်တစ်ခွန်းမပြောဘဲ သူ့ဆန္ဒကို အလေးထားပြီး သူ့ဘေးမှာရှိနေဖို့ပဲ ရွေးချယ်ဆဲဖြစ်တဲ့ သူ့ကို မြတ်နိုးစိတ်နဲ့ ဆံပင်စ လေးတွေကို အသာသပ်ပေးရင်း "အေးပါ. . . ငါ ကတိပေးတယ် ဟုတ်ပြီလား"

ကြည်ဖြူ သူ့ကိုပြုံးပြလေသည်။ ကြည်လွှင်သော အပြုံးမဟုတ်၊ အန္တရာယ် ထဲ အတူတိုးဝင်ဖို့ တစ်ယောက်ကိုတစ်ယောက် နှစ်သိမ့်ပေးတဲ့ အပြုံးတစ်ခုသာ ဖြစ်တယ်ဆိုတာ. . .။

❑

ကြည်ဖြူတစ်ယောက် ဒီရက်ပိုင်း အလုပ်တွေရှုပ်နေရှာတယ်။ မနက်မိုး လင်းတာနဲ့ ဘုရားရှိခိုး၊ ပြီးရင် မီးဖိုထဲဝင်ပြီး ဟင်းတွေ အမယ်စုံအောင်ချက်တော့ တာ။ တိုရီနဲ့ မလှရီက ဘေးကနေ ကူစရာရှိတာကူပေမယ့် ဆရာမကြီး ကြည်ဖြူကာ

mgyoe.com

mgyoe.com SAMPLE BOOK

သူခြေသူ့လက်မှ စိတ်တိုင်းကျတာမို့ ဘာလုပ်လုပ် သူပါတော့ ပင်ပန်းရှာသည်။

ချက်ပြုတ်လို့ပြီးစီးရင် ပန်းကန်လေးတွေထဲ ဟင်းထည့်ပြီး ဘေးကပ်လျက် အိမ်နှစ်အိမ်ကို မလှရီနဲ့အတူ ဟင်းပို့ထွက်လေသည်။ ပြန်လာရင်လည်း လက်ထဲမှာ ဟင်းခွက်၊ အသီးအနှံ၊ မြေပဲ၊ ငါးခြောက်၊ ငါးပိ စသဖြင့် မျိုးစုံပါလာပြန်တယ်။

မြန်မာလူမျိုးတွေရဲ့ ချစ်စရာဓလေ့လေးတစ်ခုကို မြင်တွေ့ခံစားလိုက်ရတာမို့ စိတ်ထဲ ပီတိဖြစ်မိတာတော့အမှန်။ အဲလိုနဲ့ မနက်ရောညနေရော ဟင်းတွေ အပြန်အလှန်ပို့ပြီး လေးရက်လောက်နေတော့. . .

"ရှိန်း. . . ဒီနေ့နေ့လယ် ဘေးအိမ်ကိုဟင်းသွားပို့ရင် နင် လိုက်ခဲ့နော်"

သူ တီဗီကြည့်နေရာကနေ လည်ပြန်လှည့်ကြည့်ပြီး "ငါ လိုက်ခဲ့ရမယ်၊ ဘာလို့လဲ. . . မလှရီနဲ့ မသွားဘူးလား"

"ကဲပါ. . . လိုက်ခဲ့ဆို လိုက်ခဲ့လိုက်တာမဟုတ်ဘူး နင်ကလည်း. . . ငါ ရေချိုးလိုက်ဦးမယ်"

"လိုက်ခဲ့ဆိုလည်း လိုက်ခဲ့ရမှာပေါ့။ ဒါနဲ့ နင်က အခုမှ အပူနားကခွာတာ မလား။ ခဏနားပြီးမှ ရေချိုး"

"အေး"

ရေချိုးပြီးတော့ အိမ်နေရင်း ချည်သားဂါဝန် အရှည်လေးဝတ်ပြီး ဆံပင်ကို ခပ်မြင့်မြင့်စည်းထားတဲ့ ကြည်ဖြူ့ပုံစံက ကလေးတစ်ယောက်လို ရှင်းသန့်သန့်လေး။ ဟင်းတွေကို တစ်ခါသုံး ပလတ်စတစ်ဘူးလေးတွေနဲ့ထည့်ပြီး ခြင်းတောင်းလေးထဲထည့်သယ်ရင်း နှစ်ယောက်သား လမ်းညာဘက်ဘေးကအိမ်ကို အရင်ဝင်ခဲ့လိုက်တယ်။ ဟင်းတွေပေးတော့ အိမ်ရှင်အန်တီကြီးက-

"နေ့တိုင်းလာပို့နေတာ အားနာလိုက်တာ သမီးရယ်. . . ကျေးဇူးတင်တယ်နော်"

"အားမနာနဲ့ အန်တီ. . . သမီးလည်း အလုပ်နားထားရတော့ အိမ်မှာ ချက်ပြုတ်တာကလွဲရင် ဘာမှလုပ်စရာမရှိဘူးရယ်. . . အပန်းမကြီးပါဘူး"

ကြည်ဖြူကလည်း လေပေးဖြောင့်သလို အန်တီကြီးကလည်း တပြုံးပြုံးနဲ့.

"ဒါနဲ့. . . ခြံထဲက သရက်ပင်တွေက တော်တော်ဖြစ်တယ်နော်။ အန်တီတို့ကိုယ်တိုင် စိုက်ထားတာလား"

"မဟုတ်ဘူး သမီး. . . ခြံဝယ်ကတည်းက ပါတဲ့အပင်တွေ၊ အန်တီတို့က ပြောင်းလာတာ ၄ နှစ်လောက်ပဲ ရှိသေးတယ်လေ။ အခု တော်ရုံအိမ်စားစရိတ်က

mgyoe.com

mgyoe.com SAMPLE BOOK

ခြံထဲက သီးပင်စားပင်တွေစားနေရလို့ တော်တော်လေး အဆင်ပြေနေတာပေါ့"

"ကောင်းတာပေါ့. . . အန်တီရယ်၊ အခုခေတ်က ဘာလေးနေနေ စရိတ်စက ကကြီးတော့ အိမ်စားစရိတ်ကာမိလည်း မနည်းဘူးလေနော်"

ကြည်ဖြူက စကားတွေ ရွှန်းရွှန်းဝေနေသလောက် သူကတော့ အလျှုအိမ်ရောက်သလို ငြိမ်ငြိမ်ကြီးနေနေတာမို့ အန်တီကြီးက-

"သမီးအစ်ကိုလား. . . ရုပ်ချောင်းဆင်တယ်နော်"

သူ့ကိုကြည့်ပြီး မေးလိုက်တာမို့ ဘာဖြေလို့ ဖြေရမှန်းမသိ ဖြစ်နေတုန်း ကြည်ဖြူက-

"အစ်ကိုမဟုတ်ဘူး အန်တီ. . . သမီးသတို့သားလောင်းပါ။ စေ့စပ်ထားတာ သိပ်မကြာသေးဘူး"

ကြည်ဖြူ့အပြောကြောင့် သူ့မျက်နှာကြီး ဝင်းခနဲဖြစ်သွားပြီး ကြည်ဖြူကို ဖျတ်ခနဲလှည့်ကြည့်တော့ ကြည်ဖြူက ဘာမှမဖြစ်သလို ဟန်မပျက်ပြုံးနေလေတယ်။

"လိုက်ဖက်ပါတယ်တော်. . . ရုပ်လေးတွေလည်း ဆင်တယ်ဆိုတော့ ပဋ္ဌာန်းဆက်ပါလို့နေမှာ"

သူတို့နှစ်ယောက် ငါးမိနစ်လောက် ထိုင်စကားပြောပြီးမှ စကားစဖြတ်ပြီး နောက်ထပ်အိမ်ကို ကူးလာခဲ့တယ်။ ခုနကိစ္စကို စကားစမှာစိုးလို့လားတော့ မသိ။ ကြည်ဖြူက ဂါဝန်လေးတမမနဲ့ ရှေ့ကနေ ခပ်သွက်သွက်သွားတော့ သူလည်း ဘာမှ မပြောသေးဘဲ အသာနောက်က လိုက်လာခဲ့လိုက်တယ်။

နောက်တစ်အိမ်ကလည်း ခြံစိုက်တဲ့အိမ်ပဲ ဖြစ်တယ်။ ခြံထဲမှာ သရက်၊ မာလကာ၊ ပိန္နဲ စသဖြင့် အသီးစုံ၊ ပြီးတော့ အရွက်ပင်တော်တော်များများလည်း ပျိုးဘောင်လေးတွေနဲ့ စိုက်ထားတာ တွေ့ရလေတယ်။

အိမ်လေးရှေ့မှာတော့ အဘွားအိုတစ်ယောက် ဖက်ရွက်ဆေးလိပ်ကြီး ထိုင်ဖွာနေသည်။ အဘွားက မျက်စိတော့ကောင်းသေးပုံရတယ်။ ကြည်ဖြူကိုမြင်တော့-

"ဟော. . . မြေးလေးလာပြီ၊ အဘွားကမျှော်နေတာ။ ဒီနေ့ ပိန္နဲသီးတွေ ဆွတ်ထားတော့ မြေးကိုပေးချင်နေတာနဲ့ အတော်ပဲ"

"သမီးလည်း ပိန္နဲသီးကြိုက်တယ် ဘွား. . . ဒါနဲ့ ဒီနေ့ ဘွားအတွက် ငါးခြောက်ဖုတ်လေးပါတယ် ဘွား. . . "

"သာခု သာခု သာခုပါတော်။ ဟဲ့. . . မိပြုံးရေး ငါ့မြေးအတွက်ရွေးထား